ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်၊ တနင်္လာနေ့၊ (11-4-2011) (၆၇၃၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက် သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန် ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စု စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအဆောက်အအုံသစ်ဖွင့်ပွဲ၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရွှေနှင်းဆီနှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ လွှဲပြောင်းပေးအပ်ပွဲနှင့် ကျောက်တံခါးမြို့နယ် တောကျွဲအင်း (၁၆)ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားများ ကျင်းပ

နေပြည်တော် ဧပြီ ၁၀

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် ဖြူးမြို့ရှိ အဆိုပါဆေးရုံဝင်းအတွင်း မင်္ဂလာမဏ္ဍပ်၌ လည်းကောင်း၊ ဖြူးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်း ကျောင်းဝင်းအတွင်း၌ ရွှေလက်ရာကုမ္ပဏီက ဆောက်လုပ် လှူဒါန်းသည့် ရွှေနှင်းဆီနှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းဆောင်သစ်ရှေ့၌လည်းကောင်း၊ ကျောက်တံခါးမြို့နယ် တောကျွဲအင်း (၁၆)ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲကို မွန်းလွဲ ၁ နာရီ တွင် အဆိုပါဆေးရုံ၌လည်းကောင်း ကျင်းပသည်။

ဆောက်လုပ်လှူဒါန်း

ဖြူးမြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံမှာ RC ကွန်ကရစ် အမျိုးအစားဖြစ်ကာ နှစ်ထပ်ဆောင် တစ်ဆောင်နှင့် တစ်ထပ်ဆောင် သုံးဆောင်ပါရှိသည်။ ဆေးရုံသစ်တွင် အရေးပေါ်လူနာဌာန၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ သွားကုသဌာန၊ ပြင်ပလူနာဌာန၊ ဆေး စတိုခန်း၊ သားဖွားဆောင်၊ အမျိုးသားကုသဆောင်၊ အမျိုးသမီးကုသ ဆောင်၊ အစည်းအဝေးခန်းမဆောင်နှင့် ဆရာဝန်များနားနေခန်းတို့ ပါဝင်ကြောင်း၊ အဆိုပါဆေးရုံကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် **စာမျက်နှာ ၃ ကော်လံ ၁ သို့**✧

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဖြူးမြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ အကျိုးရှိစွာ အသုံးချ
သတင်း(စာမျက်နှာ - ၅)

မြန်မာ့ငါးမြစ်ချင်းငါးများကို ငါးဆားနယ်အဖြစ်ပြုလုပ်၍ ရိုးရာအစားအစာအဖြစ် စားသုံးရန် တရုတ်နည်းပညာကျွမ်းကျင်သူတို့ လေ့လာ
သတင်း(စာမျက်နှာ - ၆)

ဒေသတွင်း သီးထပ်သီးညှပ်စိုက်ပျိုးရေး၊ တောင်သူများ အချိန်မီ ရေလုံလောက်စွာ ရရှိသုံးစွဲနိုင်ရေး၊ မျက်ခြည်မပြတ် ဆောင်ရွက်ရန်လို
သတင်း(စာမျက်နှာ - ၇)

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် နိုင်ငံခြားရေယာဉ်ကြီးများနှင့် ပြည်တွင်း ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရေးဆောင်ရွက်
သတင်း(စာမျက်နှာ - ၈)

ကြေးမုံ The Mirror

၁၁-၄-၂၀၁၁
(တနင်္လာနေ့)

အတာရေသဘင်ပွဲ ယာဉ်စည်းကမ်း လိုက်နာဆင်နွှဲ

မြန်မာတို့၏ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော် ရောက်ရှိလာတော့မည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးမှုသည် လူမျိုးတိုင်းတွင်ရှိသည်။ မြန်မာတို့က နှစ်ဟောင်းမှ အညစ်အကြေးများကို အတာရေစင် ပက်ဖျန်းသွန်းလောင်း၍ ဆေးကြောသန့်စင်ကြသည်။ နိုင်ငံတစ်ဝန်း အတာရေသဘင်ပွဲ ခြိမ့်ခြိမ့်သဲသဲ ကျင်းပဆင်နွှဲကြပေတော့မည်။

သင်္ကြန်ပွဲတော်ရက်များအတွင်း တစ်ဦးနှင့်တစ်ဦး အတာရေဖျန်းပက်၍ ပျော်ပျော်ပါးပါး ဆင်နွှဲကြမည် ဖြစ်သည်။ လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်း၊ တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ နောက်ပြောင်ရာမှ ခိုက်ရန်ဖြစ်ပွားခြင်းများ မဖြစ်ပေါ်စေရန် သတိပြုဆင်ခြင်ကြရပေမည်။

အထူးသဖြင့် မော်တော်ယာဉ်များဖြင့် ရေကစားထွက်ကြရာတွင် ယာဉ်တိုက်မှု၊ မတော်တဆထိခိုက်ဒဏ်ရာရမှုများ မဖြစ်ပွားစေရေး ဆင်ခြင်မောင်းနှင်ကြရပေမည်။ ယာဉ်တိုက်မှုများကို ဆန်းစစ်ကြည့်လျှင် ယာဉ်မောင်းသူများ၏ မဆင်မခြင်မောင်းနှင်မှု၊ မူးယစ်သောက်စားပြီး ယာဉ်မောင်းမှုများကြောင့် အများဆုံးဖြစ်ပေါ်လေ့ရှိကြောင်း တွေ့ရသည်။

ပြည်သူများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာတို့က ယာဉ်မောင်းသူများ လိုက်နာရမည့်စည်းကမ်းများ ထုတ်ပြန်ကြပ်မတ်ကြမည်ဖြစ်သည်။ မူးယစ်သောက်စား၍ ယာဉ်မောင်းခြင်း၊ အပျော်လွန်ကျူး၍ စည်းကမ်းမဲ့ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ ယာဉ်ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း၊ မော်တော်ယာဉ်အိတ်ဇောပိုက်ဖြုတ်၍ မောင်းခြင်းတို့သည် အန္တရာယ်ဖြစ်စေနိုင်သဖြင့် မပြုလုပ်ကြစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ယာဉ်အန္တရာယ် မဖြစ်ပွားစေရေးအတွက် ယာဉ်မောင်းသူများအားလုံးက ယာဉ်စည်းကမ်းများကို တိတိကျကျ လိုက်နာမောင်းနှင်ကြရန် လိုအပ်သည်။ ထို့အတူ ရေကစားသူများ၊ ခရီးသွားပြည်သူများအပိုင်းကလည်း သတ်မှတ်လမ်းစည်းကမ်းများနှင့်အညီ သွားလာကြခြင်းဖြင့် ဝိုင်းဝန်းကူညီကြရပေမည်။

မဟာသင်္ကြန်ပွဲတော်သည် ပြည်သူတိုင်း ပျော်ပျော်ရွှင်ရွှင်ရေကစားကြသော နှစ်သစ်ကူးပွဲတော်ဖြစ်သည်။ ရေကစားသူအားလုံးက မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ယဉ်ယဉ်ကျေးကျေး ရေကစားခြင်း၊ မော်တော်ယာဉ်များဖြင့် သွားလာရေကစားရာတွင် သတ်မှတ်ယာဉ်စည်းကမ်းများ လိုက်နာမောင်းနှင်ကြခြင်းတို့ဖြင့် နှစ်သစ်ကူး ရေသဘင်ပွဲတော်တွင် ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ တက္ကသိုလ်မှ သက်ပြည့်အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို မတ် ၂၉ ရက်တွင် ရန်ကုန်ဟိုတယ်၌ ကျင်းပရာ ကျောင်းဆင်းကျောင်းသား၊ ကျောင်းသူဟောင်းများ ပူဇော်ကန်တော့ကြစဉ်။ (ကြေးမုံ)

မိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းကျော်စိုးမိုး(အငယ်တန်းအင်ဂျင်နီယာ-၃) ဦးစီးသောအဖွဲ့က ရုံးကြီးလမ်းကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပိုက်ဆက်နှင့် ရေစက်မောင်းကျွမ်းကျင်(၅)၊ လျှပ်စစ်ကျွမ်းကျင်(၅) သင်တန်းများဆင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပိုက်ဆက်နှင့် ရေစက်မောင်းကျွမ်းကျင်(၅)၊ လျှပ်စစ်ကျွမ်းကျင်(၅) သင်တန်းများဆင်းပွဲကို ဧပြီ ၈ ရက် ညနေ ၄ နာရီတွင် ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။**(ယာပုံ)**

အဆိုပါ သင်တန်းသို့ သင်တန်းသား ၃၈ ဦး တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Pre - sea Deck Rating (10/2011) သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၀

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်းက ဖွင့်လှစ်ခဲ့သော Pre- sea Deck Rating (10/2011) သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၈ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ယုဇနဟိုတယ် တတိယထပ်ရှိ သင်တန်းခန်းမ၌ ကျင်းပရာ MOSA -MTC Committee မှ တွဲဖက်အတွင်းရေးမှူး ဦးမင်းဇော် တက်ရောက်၍ သင်တန်းပြီးဆုံးအောင်မြင်ခဲ့သော သင်တန်းသား ၄၀ တို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

SPSS Software Application သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၁၀

စီးပွားရေးဈေးကွက်ပညာရပ်၊ ကုန်ပစ္စည်းထုတ်လုပ်မှုနယ်ပယ်၊ လူမှုရေးသိပ္ပံပညာ၊ ဆေးသိပ္ပံပညာနယ်ပယ်၌ အသုံးချသော Statistical Package for Social Sciences (SPSS) အသုံးချနည်းသင်တန်းကို ဧပြီ ၂၄ ရက် (Batch 1) နှင့် မေ ၂၁ ရက် (Batch 2) တို့တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ရန်ကုန်မြို့၌ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

အဆိုပါ သင်တန်းကို Curtin University မှ Rajalingam .S (Senior Lecture, School of Engineering and Science) က စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Curtin University မှ ချီးမြှင့်သော သင်တန်းဆင်းလက်မှတ် ရရှိမည်ဖြစ်သည်။ ထိုသင်တန်းသည် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများမှ စာရင်းအင်းပြုစုသူများ၊ သုတေသနပြုပညာရှင်များ၊ INGO , NGO များမှ Monitoring and Evaluation Officer, Reporting Associates များ၊ စီးပွားရေးလုပ်ငန်း၊ စက်မှုဇုန်များမှ Manager Level နှင့်အထက် အမှုဆောင်များ၊ ဈေးကွက်သုတေသနစာတမ်းပြုသူများ၊ ပညာရေး သုတေသနစာတမ်းပြုသူများ၊ လူမှုအထောက်အကူပြု Project Leader များ၊ Project Coordinator များ၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ စာရင်းအင်းပြုစုသူများအတွက် အထူးဖွင့်လှစ်သော သင်တန်းဖြစ်သည်။

အစိုးရဝန်ကြီးဌာနများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ သင်တန်းကျောင်းများ၊ ကုမ္ပဏီများ၊ NGO, INGO အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ SPSS သင်တန်းကို သီးသန့်လာရောက်သင်ကြားပေးစေလိုကလည်း ဆက်သွယ်နိုင်သည်။ အသေးစိတ်သိလိုပါက Noble Management Academy ရုံးဖုန်း-၀၉-၇၃၁ ၇၅၈၈၁၊ ၀၉-၅၁၆၀၈၀၉၊ ငါးလုပ်ငန်းအဖွဲ့ချုပ် ရုံးဖုန်း-၅၀၄၂၃၅၊ ၀၉-၅၀၀ ၂၇၁၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ သင်တန်းအပတ်စဉ်တစ်ခုတွင် သင်တန်းသားဦးရေ ၂၀ သာ လက်ခံသင်ကြားပေးမည်ဖြစ်ပြီး ဧပြီ ပထမပတ်တွင် နောက်ဆုံးထား မှတ်ပုံတင်ရမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

- အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- သရုပ်ပျက် ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- အမျိုးဂုဏ် ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

စာအုပ် စာပေ လှူမိတ်ဆွေ

ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းနေ ဦးကြူးဟုန်-ဒေါ်ကျင်အေး (အောင်မင်္ဂလာနို့ဆီ) မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၏ သံဃာကုဋိနှစ်လုံးနှင့် သံဃာတစ်ပါးစာ ခုတင်၊ မွေ့ရာ၊ ဗီရိုတစ်စုံအတွက် အလှူငွေကျပ် ၂၅ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် ဖုန်၊ သဲ၊ အမှိုက်များ မရှိစေရေးအတွက် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုကို ဒုတိယဦးစီးမှူး(သန့်) ဦးဝင်းဆန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

✧ **ရှေ့ဖုံးမှ**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့အား အမှူးထား၍ သားသမီး၊ မြေး၊ မိတ်ဆွေသင်္ဂဟများနှင့် မက်စ်မြန်မာကုမ္ပဏီလီမိတက်မိသားစုတို့က ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြူးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ရွှေနှင်းဆီ နှစ်ထပ်ကျောင်းဆောင်သစ်သည် RC ကွန်ကရစ် နှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ပြီး စာသင်ခန်း ၁၂ ခန်းပါရှိကာ ရွှေလက်ရာကုမ္ပဏီက ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျောက်တံခါးမြို့နယ် တောကျွဲအင်း (၁၆)ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံသစ်မှာ RC ကွန်ကရစ်အမျိုးအစားဖြစ်ကာ မြေ ၄ ဒသမ ၀၉ ဧကပေါ်တွင် တည်ဆောက်ထားပြီး ပြင်ပလူနာဌာန၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဆေးစတို၊ အမျိုးသားကုသဆောင်၊ အမျိုးသမီးကုသဆောင်၊ ကလေးကုသဆောင်နှင့် သားဖွားခန်းတို့ပါရှိကြောင်း သိရသည်။ အဆိုပါ တိုက်နယ်ဆေးရုံသစ်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့အား အမှူးထား၍ ဒေသခံပြည်သူများက စုပေါင်းလှူဒါန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဆေးရုံအဆောက်အအုံသစ်များဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ယခုကဲ့သို့ ဆေးရုံအဆောက်အအုံသစ်များ၊ ကျောင်းဆောင်သစ်များ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြစေလိုကြောင်း၊ အဆောက်အအုံသစ်များ ဖြစ်ထွန်းပေါ်ပေါက်လာသည့်အတွက် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆေးရုံအဆောက်အအုံသစ်များ ဖွင့်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဖေသက်ခင်က အစိုးရသစ်လက်ထက်၌ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်း ဆေးရုံသစ်များတည်ဆောက်ပေးခြင်း၊ အထူးကုသဌာနများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း စသည့်လုပ်ငန်းများကို နိုင်ငံတော်၏ နှစ်အလိုက် ခွင့်ပြုဘဏ္ဍာငွေဖြင့် ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ ဒေသအားလုံးရှိ ပြည်သူများ၏အကျိုးကို ရှေးရှုပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းကလည်း ပဲခူးတိုင်းဒေသကြီးအတွင်း၌ ယခုကဲ့သို့ ဆေးရုံသစ်ကြီးများ ပေါ်ပေါက်လာသည့်အတွက် ဒေသရှိ ပြည်သူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယခင်ကထက် ပိုမိုခံယူနိုင်တော့မည် ဖြစ်ကြောင်း၊ ဤဒေသသည် တီဘီ၊ ငှက်ဖျားရောဂါများ အဖြစ်များသော်လည်း ယခုအခါ အချိန်တိုအတွင်း ရောဂါပပျောက်အောင် ကုသပေးနိုင်တော့မည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။ (သတင်းစဉ်)

နှုတ်ဆက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဖေသက်ခင် ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

ရွှေလက်ရာကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် ရွှေနှင်းဆီ နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁-၄-၂၀၁၁ (တနင်္လာနေ့)

၁၃၇၂ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်(ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အင်္ဂဇယမင်္ဂလာ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	ခါသကြံန်အဆိုအကများ
၈း၁၅	၇။	“ငှက်တစ်သောင်း”
၈း၃၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၄၀	၉။	International News
၈း၄၅	၁၀။	ခါသကြံန်အဆိုအကများ
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခြင်း)
၄း၂၀	၃။	ဂုဏ်သတင်းဝေဖြာဒုံမင်းပဒေသာ (သူ့လက်သံ)
၄း၃၀	၄။	ခါသကြံန်အဆိုအကများ
၄း၄၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (အိမ်တွင်းစီးပွားအထူးပြု) (အိမ်တွင်းစီးပွား)
၅း၀၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅	၇။	မြန်မာစာ၊ မြန်မာစကား
၅း၂၀	၈။	ခါသကြံန်အဆိုအကများ
၅း၃၅	၉။	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ “မေ့မေတ္တာ” (ဒုတိယတွဲ) (အပိုင်း-၂၃)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	“ကမ္ဘာကျော်သရုပ်ဆောင်များ”
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ” (အပိုင်း-၁၈)**
	၁၉။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်
	၂၀။	အစီအစဉ်ပြီး၏။

သုံးခွမြို့ သာသနာ့ဗိမာန်တော်ကြီးတည်ဆောက်မှု ဝန်ကြီး သူရ ဦးမြင့်မောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၀

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်သည် ဧပြီ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ပီလခတ်ကျေးရွာရှိ စရီအန်ဂါလဲပရဲမေစ်ဝရီ-စရီမဟာ မူနီ(စ်)ဝရ်ဟိန္ဒူဘုရားကျောင်း သိဒ္ဓိတင် ရေစင်သွန်းလောင်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး သုံးခွမြို့ မဟာအတုလဝေယံ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အလယ်ပိုင်းဒေသများ နေ့အပူချိန်တိုးလာနိုင်

နေပြည်တော် ဧပြီ ၁၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** မုံရွာမြို့၊ ချောက်မြို့နှင့် မကွေးမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီနှင့် မင်းဘူးမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကော့ကရိတ်မြို့တွင် ၂ ဒသမ ၅၂ လက်မ၊ လောင်းလုံမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ရေးမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ ဘားအံမြို့တွင် သုည ဒသမ ၉၉ လက်မ၊ မော်လမြိုင်မြို့နှင့် မြိတ်မြို့တို့တွင် သုည ဒသမ ၆၇ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ဂါဇာစစ်သွေးကြွများ အပစ်ရပ်လျှင် အစ္စရေးကလည်း တိုက်ခိုက်မှုများရပ်မည်

ဂျေရုဆလင် ဧပြီ ၁၀

ဂါဇာကမ်းမြောင်ဒေသမှ ပါလက်စတိုင်းစစ်သွေးကြွများက အစ္စရေးနိုင်ငံကို မော်တာ၊ ဒုံးကျည်များဖြင့် ပစ်ခတ်မှုရပ်တန့်မည်ဆိုပါက အစ္စရေးနိုင်ငံကလည်း တိုက်ခိုက်မှုများကို ရပ်တန့်ရန် အသင့်ရှိကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်ခ်က ယနေ့ပြောကြားသည်။

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့၌ ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေး၌ ကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်ခ်ကို ဧပြီ ၁၀ ရက်က တွေ့ရစဉ်။

အစ္စရေးနိုင်ငံက ဂါဇာကမ်းမြောင်ဒေသအား တိုက်ခိုက်မှုများကို ရပ်တန့်မည်ဆိုပါက မိမိတို့ကလည်း အပစ်အခတ်ရပ်စဲရေးကို လိုက်နာရန်ဆန္ဒရှိကြောင်း ဟားမားစ်လက်နက်ကိုင်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

အစ္စရေးနှင့် ဂါဇာဒေသ ပါလက်စတိုင်းတို့အကြား လက်တုံ့ပြန်တိုက်ခိုက်မှုများ ဧပြီ ၆ ရက်တွင် စတင်ပေါ်ပေါက်ခဲ့ပြီး နောက်ပိုင်း အစ္စရေးအစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးက အပစ်အခတ်ရပ်စဲရေးအလားအလာကို ပထမဆုံး ထုတ်ဖော်ပြောကြားလာခြင်းဖြစ်သည်။

လေးရက်ကြာမြင့်ခဲ့ပြီဖြစ်သော အစ္စရေးနှင့် ဂါဇာအကြား စစ်ရေးပဋိပက္ခအတွင်း ပါလက်စတိုင်း ၁၈ ဦး သေဆုံးခဲ့ရပြီး ဟားမားစ်အဖွဲ့သည် ၎င်း၏လုံခြုံရေးတပ်ဖွဲ့များကို အရေးပေါ်အခြေအနေထုတ်ပြန်ထားသည်။

ဟားမားစ်အဖွဲ့၏ နိုင်ငံရေးအုပ်စုသည် အပစ်အခတ်ရပ်စဲရေးအတွက် အစ္စရေးနိုင်ငံကို တောင်းဆိုခဲ့ကြောင်း အစ္စရေးလုံခြုံရေးထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဧပြီ ၉ ရက်တွင် ပြောကြားသည်။

အေအက်ဖ်ပီ။

ဒုံးကျည်ကာကွယ်ရေးစနစ်သစ် အောင်မြင်စွာ အသုံးပြုနိုင်ခဲ့ကြောင်း အစ္စရေးပြောကြား

ဂျေရုဆလင် ဧပြီ ၁၀

အစ္စရေးနိုင်ငံ၏ သံမဏိပေါင်းခုံအမည်ရှိ ဒုံးကျည်ကာကွယ်ရေးစနစ်သစ်သည် အဓိကမြို့ကြီးနှစ်မြို့ကို ပါလက်စတိုင်း ဒုံးကျည်များအန္တရာယ်မှ ပြီးခဲ့သည့် ရက်အနည်းငယ်အတွင်းက အောင်မြင်စွာ ကာကွယ်ထားနိုင်ခဲ့ကြောင်း အစ္စရေးနိုင်ငံက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အစ္စရေးနှင့် ပါလက်စတိုင်းစစ်သွေးကြွများအကြား အပြန်အလှန်တိုက်ခိုက်မှုများ မဖြစ်ပွားမီရက်ပိုင်းမျှအလို ဧပြီ ၃ ရက်တွင် သံမဏိပေါင်းခုံ ဒုံးကျည်ကာကွယ်ရေးစနစ်ကို ဂါဇာကမ်းမြောင်ဒေသပြင်ပ၌ အစ္စရေးနိုင်ငံက ဖြန့်ကြက်ခဲ့သည်။

သံမဏိပေါင်းခုံ ဒုံးကျည်ကာကွယ်ရေးစနစ်သည် ဂါဇာဒေသမှ ပါလက်စတိုင်း စစ်သွေးကြွများ ပစ်ခတ်ခဲ့သော ဒုံးကျည် အနည်းဆုံးရှစ်စင်းကို လေထုထဲမှာပင် ဖျက်ဆီးခဲ့ပြီး စွမ်းဆောင်ရည် ပြသနိုင်ခဲ့ကြောင်း အစ္စရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အက်ရှ်ကယ်လ်လုန်မြို့နှင့် ဘီယာရှေဘာမြို့များအနီး ဖြန့်ကြက်ထားသော သံမဏိပေါင်းခုံ ဒုံးကျည်ကာကွယ်ရေးစနစ်သည် မြို့တွင်းသို့ ပစ်ခတ်သော ဒုံးကျည်များကို ကာကွယ်နိုင်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

သံမဏိပေါင်းခုံ ဒုံးကျည်ကာကွယ်ရေးစနစ်ကို အစ္စရေးနိုင်ငံပိုင် ရာဖေးလ် အဆင့်မြင့်ကာကွယ်ရေးစနစ်များ ထုတ်လုပ်သည့် ကုမ္ပဏီက ထုတ်လုပ်သည်။ ၃ မိုင်မှ ၄၅ မိုင်အကြား အကွာအဝေးထိ ပစ်ခတ်နိုင်သော ဒုံးကျည်များကို ကြားဖြတ်ဟန့်တားရန်အတွက် ရေဒါလမ်းညွှန်ဒုံးကျည်ငယ်များကို အသုံးပြုသည်။

အဆိုပါ ဒုံးကျည်ကာကွယ်ရေးစနစ်ကို စိန်ပြောင်းကျည်ဆန်များအား ဟန့်တားပစ်ချရာတွင်လည်း အသုံးပြုနိုင်သည်။ **အမ်အင်အေ၊ရိုက်တာ။**

သံမဏိပေါင်းခုံ ဒုံးကျည်ကာကွယ်ရေးစနစ်တွင် အသုံးပြုသော ဘက်စုံသုံး ရေဒါကိရိယာ။

ဓာတ်ရောင်ခြည်သင့်ဒေသများ၌ စပါးစိုက်ပျိုးခွင့် ဂျပန်ပိတ်ပင်

တိုကျို ဧပြီ ၁၀

မတ် ၁၁ ရက် ဆူနာမီရေလှိုင်းဒဏ်ခံခဲ့ရသော ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံမှ ထွက်ပေါ်နေသည့် ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည်များသင့်ခဲ့ရာဒေသများ၌ စပါးစိုက်ပျိုးခွင့်ပေးမည်မဟုတ်ကြောင်း ဂျပန်နိုင်ငံက ဧပြီ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဓာတ်ရောင်ခြည်သင့် စပါးစိုက်ပျိုးမှု ပိတ်ပင်ချက်တွင် ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည် သက်ရောက်မှုနှုန်း မြင့်မားသော မည်သည့်မြေပြင်မျိုးမဆို အကျုံးဝင်ပြီး စိုက်ပျိုးခွင့်မရသော လယ်သမားများကို ဂျပန်အစိုးရက လျော်ကြေးပေးမည်ဖြစ်သည်။

သို့ရာတွင် ဂျပန်အစိုးရ၏ ပိတ်ပင်မှုကြောင့် စပါးစိုက်ပျိုးခွင့်မရှိသည့် နေရာအဖြစ် ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံမှ ၂၅ မိုင်ခန့်ဝေးသော ကျေးရွာတစ်ရွာ၏ စိုက်ပျိုးမြေနှစ်နေရာကိုသာ တွေ့ရှိရကြောင်း သတင်းတွင် ဖော်ပြသည်။

လက်ရှိကာလသည် စပါးစိုက်ရာသီဖြစ်ခြင်းကြောင့် မိမိတို့အနေဖြင့် လိုအပ်သောမူဝါဒကို အလျင်အမြန် ချမှတ်ခဲ့ရခြင်းဖြစ်ကြောင်း ပိတ်ပင်ချက်ကို ထုတ်ပြန်ခဲ့သည့် ဂျပန်စိုက်ပျိုးရေးဝန်ကြီး မိချိဟီကို ကာနိုက ဧပြီ ၈ ရက်တွင် ပြောကြားသည်။

အလားတူ ဂျပန်နိုင်ငံမှ ထုတ်လုပ်သည့် ဟင်းသီးဟင်းရွက်နှင့် နို့တို့တွင် ဓာတ်ရောင်ခြည်သင့်မှုနှင့် ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်နေခြင်းကြောင့် နိုင်ငံအများအပြားက ဂျပန်၏ ပို့ကုန်အချို့ကို ပိတ်ပင်ထားသည်။

ဆန်သည် ဂျပန်လူမျိုးတို့၏ ရိုးရာအစားအစာတစ်မျိုးဖြစ်ပြီး ၂၀၁၀ ခုနှစ် အတွင်း ဆန်တန်ချိန် ၈ ဒသမ ၅ သန်း ထုတ်လုပ်နိုင်ခဲ့သည်။ ထုတ်လုပ်သောဆန်အများစုကို ပြည်တွင်း၌ပင် စားသုံးပြီး ပြီးခဲ့သည့်နှစ်က တန်ချိန် ၁၉၀၀ သာ ပြည်ပသို့ တင်ပို့နိုင်ခဲ့သည်။ **အေပီ။**

မတ် ၁၅ ရက်က အင်ဒိုနီးရှားနိုင်ငံ မာနာဒိုမြို့၌ အာဆီယံနိုင်ငံများ၏ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး ပူးတွဲလေ့ကျင့်မှုတစ်ရပ်ကို တွေ့ရစဉ်။

သဘာဝဘေး လက်တွဲတုံ့ပြန်နိုင်ရေး အာဆီယံနှင့် ဂျပန် ဆွေးနွေး

ဂျကာတာ ဧပြီ ၁၀

ဂျပန်နိုင်ငံ၌ လွန်ခဲ့သည့်လက မြေငလျင်လှုပ်မှုနှင့် ဆူနာမီရေလှိုင်း ရိုက်ခတ်မှုတို့ကို တွေ့ကြုံခံစားခဲ့ရပြီးနောက် ယင်းသဘာဝဘေးအန္တရာယ်ဆိုက်ရောက်မှုအပေါ် အရှေ့တောင်အာရှဒေသမှ နိုင်ငံများ၏ တုံ့ပြန်မှုများနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ရန် ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ဧပြီ ၉ ရက်က တွေ့ဆုံဆွေးနွေးကြသည်။

သဘာဝကပ်ဘေးဒဏ်တွေ့ကြုံခံစားခဲ့ရသော ဂျပန်နိုင်ငံအနေဖြင့် မည်ကဲ့သို့သောအကူအညီများ လိုအပ်နေသည်ကို အထူးအစည်းအဝေးတွင် မိမိတို့ဆွေးနွေးကြမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီနာတာလီဂါဝါက ပြောကြားသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများက ဂျပန်နိုင်ငံသို့ပေးမည့် အကူအညီဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးက ညှိနှိုင်းပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အနာဂတ်ကာလ၌ ကြီးကျယ်သော သဘာဝကပ်ဘေးများနှင့် တွေ့ကြုံရချိန်တွင် မည်ကဲ့သို့ တုံ့ပြန်ကြမည်ကို ဆွေးနွေးကြမည်ဖြစ်သည်။

အာဆီယံနှင့် ဂျပန်နိုင်ငံတို့သည် အနာဂတ်ကာလတွင် သဘာဝကပ်ဘေးဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ သဘာဝကပ်ဘေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအတွက် လေ့ကျင့်သင်တန်းပေးခြင်းနှင့် စွမ်းပကားမြှင့်တင်ခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အင်တာနက်။

ကုန်ပဒေသာဆိုင်အတွင်း သေနတ်ပစ်ခတ်မှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူတစ်ဦးအား သယ်ထုတ်လာသည်ကို တွေ့ရစဉ်။

ဟော်လန်ကုန်တိုက်တစ်ခု၌ သေနတ်သမားတစ်ဦး ဦးတည်ရာမဲ့ပစ်ခတ် ကုန်တိုက်သို့ လာရောက်သူ ခြောက်ဦး သေဆုံး၍ ၁၇ ဦး ဒဏ်ရာရ

အမ်စတာဒမ် ဧပြီ ၁၀

ဟော်လန်နိုင်ငံ အမ်စတာဒမ်မြို့ပြင်ရှိ ကုန်ပဒေသာဆိုင်ကြီးတွင် စနေနေ့ ဈေးဝယ်သူများ စည်ကားလျက်ရှိသော အချိန်၌ လူတစ်ဦးက စက်သေနတ်တစ်လက်ဖြင့် ပစ်ခတ်ရာ အနည်းဆုံး ခြောက်ဦးသေဆုံး၍ ၁၇ ဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

အမ်စတာဒမ်မြို့၏ အနောက်တောင်ဘက် ၁၅မိုင်ခန့် အကွာရှိ အယ်လ်ဖင်အန်းဒင်းရိုင်ဂျင် ဆင်ခြေဖုံးရပ်ကွက်၌ ဖြစ်ပွားခဲ့သော အဆိုပါပစ်ခတ်မှုတွင် တိုက်ခိုက်သူ သေနတ်သမားလည်း သေဆုံးခဲ့ကြောင်း မြို့တော်ဝန် ဘတ်(စ်)အင်ဟွန်းက ပြောသည်။

သေနတ်သမား၏ ပစ်ခတ်မှုကြောင့် ကလေးနှစ်ဦးအပါအဝင် အနည်းဆုံး ၁၇ ဦး ဒဏ်ရာရခဲ့သည်။

အဆိုပါတိုက်ခိုက်သူသည် ဦးတည်သော ပစ်မှတ်မရှိဘဲ စက်သေနတ်ဖြင့် ပစ်ခတ်ခြင်းဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောသည်။

ပစ်ခတ်မှုဖြစ်ပွားပြီးနောက် နာရီပိုင်းအကြာတွင် ထိုကုန်ပဒေသာအနီး၌ နေထိုင်သူများသည် ယင်းရှေ့မှ ဖြတ်သန်းသွားကြရာ အချို့မှာ မှင်တက်မိနေဟန်တူသည်ဟု ဆိုသည်။

စုံစမ်းစစ်ဆေးသူများက သေနတ်သမားသည် မည်သူမည်ဝါဖြစ်ကြောင်းကို သိရှိရန် ကြိုးစားနေကြောင်း မြို့တော်ဝန်က ပြောသည်။

မျက်မြင်များကမူ ၎င်းသေနတ်သမားသည် ရွှေဝါရောင်ဆံပင်ရှည်နှင့်ဖြစ်ပြီး အသက်မှာ ၂၅နှစ်ခန့်ရှိမည်ဟု ယူဆကြောင်း၊ သားရေဂျာကင်နှင့် အစိမ်းရောင်ပြောက်ကျား ဘောင်းဘီကို ဝတ်ဆင်ထားကြောင်း ပြောကြသည်။

အင်တာနက်။

လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းမှု ကောင်းမွန်စွာ၊ ရိုးဖြောင့်မှန်ကန်တာဝန်သိစွာ ဆောင်ရွက် ဝန်ကြီး ဦးလှထွန်း ရန်ကုန်တိုင်းဒေသကြီး၌ ဝန်ထမ်းများအား မှာကြား

ရန်ကုန်　　မေ　　၁၀

ဌာနဆိုင်ရာလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းမှု ကောင်းမွန်စွာဖြင့် ရိုးဖြောင့်မှန်ကန် တာဝန်သိစွာဆောင်ရွက်နိုင်ရေး၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ အကျိုးရှိစွာ အသုံးချသွားနိုင်ရေးတို့ကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ရုံးခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ အရာထမ်းများနှင့် တွေ့ဆုံပွဲ အခမ်းအနား၌ အကျယ်တဝင့် မှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့အသေးစား ချေးငွေလုပ်ငန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ဌာနအလိုက် လုပ်ငန်းလျာထားချက်များ၊ ရည်မှန်းချက်များနှင့် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးသည် တိုးချဲ့တည်ဆောက်လျက်ရှိသည့် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာ့စက်မှုဆိပ်ကမ်း (Myanmar Industrial Port) ၌ ပို့ကုန်သွင်းကုန်လုပ်ငန်းများ စစ်ဆေးကြပ်မတ်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။　　(သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ရန်ကုန်မြို့ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကြည့်ရှုစစ်ဆေးစဉ်။　　(သတင်းစဉ်)

ဓမ္မာရုံပန္နက်တင် မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန်　　မေ　　၁၀

လပြည့်ဝန်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသိန်းရွှေ၊ ဇနီး ဒေါ်ခင်သီတာဦးမိသားစု ဆောက်လုပ်လှူဒါန်းမည့် ရန်ကုန်မြို့ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ဓမ္မာရုံတည်ဆောက်ရေး ပန္နက်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဓမ္မာရုံ တည်ဆောက်မည့်မြေနေရာ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ အလှူရှင်မိသားစုများက သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးကြသည်။

(သတင်းစဉ်)

ကျန်းမာရေးအတွက် သိမှတ်ဖွယ်

ဆေးမြီးတိုသည် တိုင်းရင်းဆေးမဟုတ်ပါ

ဆေးမြီးတိုသည် တိုင်းရင်းဆေးမဟုတ်။ မြန်မာစကားပုံတွင် “ဆေးစာဖတ်ရာ နားထောင်ကာ ရောဂါပျောက်နိုးနိုး”၊ “သိုက်စာဖတ်ရာ နားထောင်ကာ ဥစ္စာရနိုးနိုး”ဟူ၍ ဆိုရိုးရှိပါသည်။ ဆေးပညာစာအုပ်၊ စာစောင်များဖတ်ရှု၍ အဆိုပါဖော်ပြသည့်နည်းများအတိုင်း ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် မိမိတွင်ခံစားနေရသော ရောဂါဝေဒနာသက်သာပျောက်ကင်းလိမ့်နိုး မျှော်လင့်တတ်ကြပါသည်။ ကလောင်စွမ်းကွန့်လိုက်သောအခါ ဆေးမြီးတိုသည် ရောဂါဝေဒနာကို အမြစ်ပြတ်ပျောက်ကင်းစေနိုင်သော တိုင်းရင်းဆေးသဖွယ်ဖြစ်သွားပါတော့သည်။ လမ်းဘေးတွင်ပေါက်နေသော ပိစပ်ပင်သည် ဘီပိုး၊ စီပိုးသာမက ပိုးအမျိုးမျိုးပျောက်ဆေးဝါး၊ ကင်ဆာကုဆေးဝါး၊ အေအိုင်ဒီအက်စ်ကုဆေးဝါး၊ ------ရောဂါပျောက်ဆေးဝါး၊-------ပျောက်ဆေးဝါးများဖြစ်ကုန်တော့သည်။ အလားတူ စူလာနဖာပင်ကိုလည်း ၉၆ ပါးသော ရောဂါဝေဒနာတို့အတွက် နတ်ဆေးသဖွယ် အားထားသုံးစွဲကြတော့သည်။ သိပ္ပံနည်းပညာများ မည်မျှပင်ထွန်းကားနေသော်လည်း ရှေးရိုးစွဲအစဉ်အလာ ဆေးမြီးတိုများ (Folk Remedies) အသုံးပြုနေမှုကား လွယ်ကူစွာပပျောက်သွား မည်မဟုတ်ပါ။

အဆိုပါဖြစ်ရပ်များအနက် အချို့ကိုတင်ပြလိုပါသည်။ ဆေးမြီးတိုလေ့လာသောသူတစ်ဦးက မိတ်ဆွေတစ်ဦးချောင်းဆိုးနေသဖြင့် ကွမ်းရွက်စိမ်းကို အရည်ညှစ်ယူ၍ ဆားအနည်းငယ်ထည့်သောက်ရန်ပြောသဖြင့် ကာယကံရှင်ကသောက်ရာ သွေးတိုးရှိနေမှန်း မသိ၍ သွေးတိုးရောဂါပြန်ထလာကြောင်း ကြားသိရဖူးပါသည်။ ဝမ်းကိုက်နေသောသူအား ဗာဒံရွက်နုလေးများရေနွေးဖြော၍ သုပ်စားရန်ပြောရာ နည်းမကျ၍ ဝမ်းဗိုက်ဖောင်းလာကြောင်း၊ အစာအိမ်လေနာထနေသူအား နွယ်ချိုလက်တစ်ဆစ်ဝါးစားရန် ပြောသဖြင့် ဝါးစားရာ နွယ်ချိုအစစ်မဟုတ်သဖြင့် အစာအိမ်လေနာပိုဆိုးလာကြောင်း ကြားရဖူးပါသည်။ ဆီးချိုတက်နေသူအား “ဒါလေးများလွယ်လွယ်လေးပါကွာ”ဟုဆိုရင်း ခန်းတောက်မြစ်ကို ရေဖြင့်သွေးလျက် အချိုဓာတ်များစွာပါသည့် ပျားလိမ္မော်သီးအရည် ရောစပ်တိုက်ကျွေးခဲ့သဖြင့် ဆီးချိုရောဂါမသက်သာဘဲ ပိုမိုဆိုးရွားလာကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ လူနာတစ်ဦးအား ထမင်းကြမ်းကိုမီးဖုတ်၍ ရေအေးဖြင့် တိုက်ကျွေးခဲ့ရာ အစာမကြေဖြစ်ကာ အော့အန်ဖူးကြောင်း မှတ်သားရဖူးပါသည်။ ဆေးမြီးတိုပေးရာတွင်လည်း တိုက်ကျွေးရမည့် ပမာဏ၊ တိုက်ကျွေးရမည့်အချိန်ကာလ၊ တိုက်ကျွေးရမည့်ရေလဲများကို စိစစ်ရန်လိုအပ်မည်ဖြစ်ပါသည်။

တိုင်းရင်းဆေးဝါး၊ ဆေးဖုံတစ်ခုဖြစ်ပေါ်လာစေရန် တိုင်းရင်းဆေး ပညာရှင်တို့က အခြေခံအချက်များစွာကို တိုင်းရင်းဆေးပညာအမြင်အရ ချဉ်းကပ်လေ့လာဖော်ထုတ်ကြရပါသည်။ ဆေးမြီးတိုတွင် တိုင်းရင်းဆေးပညာ အမြင်ပါဝင်မှုမသေချာသော်လည်း တိုင်းရင်းဆေးဖုံတစ်ခုတွင်မူ တိုင်းရင်းဆေးပညာသည်များစွာအရေးပါလှပါသည်။ တိုင်းရင်းဆေးပညာစနစ်တကျမပါဘဲ တိုင်းရင်းဆေးဝါးတစ်ခု ဖြစ်ပေါ်လာမည်မဟုတ်ပေ။

တိုင်းရင်းဆေးဖော်စပ်ရာတွင် မည်သည့်ဆေးကိုမျှ ဆေးမြီးတိုကဲ့သို့ အလွယ်တကူ ဖော်စပ်၍မရကြောင်း လက်ခံကြရမည် ဖြစ်ပါသည်။

မောင်လူမွန်(သုတေသနနှင့်ဖွံ့ဖြိုးရေး)

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန်　　မေ　　၁၀

၁၉၉၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာဌာန၌ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများ၏ ပဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ ရက်(အလုပ်သမားနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဗဟန်းမြို့နယ် အားကစားကွင်းအတွင်းရှိ M3 Food Centre ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေပါဝင်လှူဒါန်းလိုသူများသည် မောင်မောင်ဦး (၉၂) ဖုန်း-၀၉-၅၄၀၄၇၅၆၊ လွဲလွဲဝင်းသန်း (၉၃) ဖုန်း-၀၉-၇၃၁၂၂၆၄၇၊ ကြည်ကြည်သန့် (၉၄) ဖုန်း-၀၉-၅၁၈၀၁၅၂၀၊ ထားအိဝင်း(၉၅) ဖုန်း-၀၉-၅၁၀၂၆၆၈၊ ခင်ကျော့ကေခိုင် (၉၇) ဖုန်း-၀၉-၅၁၁၉၉၁၇၊ သူဇာဝင်း (၉၈) ဖုန်း-၀၉-၅၀၇၉၇၂၃၊ အိအိဖြိုး (၂၀၀၀)ဖုန်း-၀၉-၇၃၁၀၅၀၃၅၊ ကျင်ကျင်ဆွိ (၀၁)ဖုန်း-၀၉-၇၃၀၉၂၃၉၂၊ စိုးမိုးအောင် (၀၅) ဖုန်း-၀၉-၇၃၁၀၆၉၉၇ နှင့် မေသဇင်ဖူး (၀၆) ဖုန်း-၀၉-၅၀၈၇၄၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။　　(ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ထောက်ကြန့် ကလေးပြုစုရေးဌာနနှင့် အောင်မြင်ခြင်း လူမှုဘဝဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းစီစဉ်သော ကလေးများ၏ ပျော်ပွဲရွှင်ပွဲကို မေ ၁၀ ရက် မွန်းလွဲပိုင်းက ကျောင်းဝင်းအားကစားကွင်း၌ ကျင်းပရာ ကိုရီးယားနိုင်ငံ Ballons Deco & Event Communication မှ ကျွမ်းကျင်ပညာရှင် Mr. Back Nam Jim မှ လေမှုတ်ဘောလုံးကစားစရာ အရုပ်မျိုးစုံကို လက်တွေ့ပြုလုပ်ကစားစေပြီး ခေတ်မီစက်ကိရိယာများဖြင့် လတ်ဆတ်သောအာလူးများကြော်၍ ကျွေးကာ ကလေးများအတွက် အသင့်စားမုန့်မျိုးစုံနှင့် ကစားစရာပစ္စည်းများကို ဖောင်ဒေးရှင်းမှ လှူဒါန်းရာ ထောက်ကြန့်ကလေးပြုစုရေးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်အေး လက်ခံစဉ်။

(ကြေးမုံ)

ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို မတ် ၂၂ ရက်က သဲတောဈေး၌ ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဥတုရာသီ တောကိုမှီ၏

ရောဝတီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးအုန်းမြင့်နှင့် ဟင်္သာတခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးဝင်းမြင့်တို့ မတ် ၇ ရက်က ဇလွန်မြို့အတွင်း ဆောင်ရွက်လျက်ရှိသည့် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းလုပ်ငန်း၏ နောက်ဆက်တွဲ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇလွန်မြို့နယ် ညောင်ပင်ဈေးရပ်ကွက်ရှိ သံလွင်ကွင်းကျေးရွာတွင် ကွင်းဆင်းဆောင်ရွက်စဉ်။　(မြို့နယ်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၁-၄-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀　၁။ မြဝတီအဖွင့်
၇း၀၃　၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄　၃။ နိုင်ငံတော်သီချင်း
၇း၀၅　၄။ တရားတော်
၇း၂၀　၅။ ဓမ္မပူဇာတေး
၇း၂၅　၆။ မျိုးချစ်တပ်မတော်
၇း၃၀　၇။ မြန်မာ့ရှုခင်း
၇း၃၅　၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀　၉။ ခါသကြံန်အဆိုအကများ
၈း၀၀　၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀　၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅　၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆　၁၃။ ပြီးပါပြီ။

ညပိုင်း

၄း၀၀　၁။ မြဝတီအဖွင့်
၄း၀၃　၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄　၃။ နိုင်ငံတော်သီချင်း
၄း၀၅　၄။ အဖွင့်သီချင်း
၄း၁၀　၅။ မျိုးချစ်တပ်မတော်
၄း၁၅　၆။ စိုက်ပျိုးသုတ
၄း၃၀　၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၅　၈။ ဗွီစီဒီကျော်ကြားတေး
၄း၅၅　၉။ မီးသတိပေးနှိုးဆော်ချက်
၅း၁၀　၁၀။ ခါသကြံန်အဆိုအကများ
၅း၃၀　၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် (အပိုင်း-၃၁)**
၆း၀၀　၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀　၁၃။ အမျိုးသားရေး တေးကဗျာ
၆း၂၀　၁၄။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀　၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျှော်လင့်ခြင်းရောင်ခြည် (အပိုင်း-၂၈)**
၈း၀၀　၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ Talk Of The Town
၂၁။ မေးမြန်းစူးစမ်း
၂၂။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၃)**
၂၅။ Mini Series
၂၆။ သင့်အတွက်မနက်ဖြန်
၂၇။ အပိတ်နှုတ်ဆက်စကား
၂၈။ ပြီးပါပြီ။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများအဖွဲ့နာယက အမေရိကန်စစ်သံမှူး Col. Brey R. Sloan နှင့် နိုင်ငံခြားစစ်သံမှူးများ၊ ၎င်းတို့၏ မိသားစုဝင်များ ပူတာအိုမြို့နယ် မူလာရှီးဒီ ဂျစ်ကားကူးကြိုးတံတားနှင့် သဘာဝပတ်ဝန်းကျင်အလှအပများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုဝင်များ ပူတာအိုမြို့နှင့် မြစ်ကြီးနားမြို့တို့သို့ သွားရောက်ကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ဆွေ၏ ဇနီး ဒေါ်ဝင်းဝင်းမော်နှင့် တပ်မတော်အရာရှိကြီးများ၊ ၎င်းတို့၏ ဇနီးများဦးဆောင်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများအဖွဲ့နာယက အမေရိကန်စစ်သံမှူး Col. Brey R. Sloan နှင့် ခင်ပွန်း၊ နိုင်ငံခြားစစ်သံမှူးများ၊ ၎င်းတို့၏ မိသားစုဝင်များ ပါဝင်သော လေ့လာရေးအဖွဲ့ဝင်များသည် ကချင်ပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် တောတောင်သဘာဝအလှရှုခင်းများကို ကြည့်ရှုလေ့လာရန်အတွက် ဧပြီ ၈ ရက်က ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့်ထွက်ခွာလာရာ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိကာ ထိုမှတစ်ဆင့် မွန်းလွဲပိုင်းတွင် ပူတာအိုလေဆိပ်သို့ ရောက်ရှိကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် ပူတာအိုမြို့နယ် မူလာရှီးဒီကျေးရွာရှိ မူလာရှီးဒီ ဂျစ်ကားကူးကြိုးတံတားနှင့် တောတောင် သဘာဝပတ်ဝန်းကျင်အလှအပများကိုလည်းကောင်း၊ မူလာရှီးဒီ ကျေးရွာရှိ တိုင်းရင်းသားကျေးရွာ၌ လီဆူးတိုင်းရင်းသားများ၊ ရဝမ်တိုင်းရင်းသားများ၏ ရိုးရာလက်မှုလုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။ ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ညနေပိုင်းတွင် မူလာရှီးဒီချောင်းအတွင်း ဖောင်စီးကာ အပန်းဖြေ ကြည့်ရှုလေ့လာကြသည်။ ညပိုင်းတွင် လေ့လာရေးအဖွဲ့ဝင်များအား ပူတာအိုတပ်နယ်မှ ခါကာဘိုရာဇီရိပ်သာ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ကြည့်ရှုလေ့လာ

လေ့လာရေးအဖွဲ့ဝင်များသည် ဧပြီ ၉ ရက် နံနက်ပိုင်းတွင် မချမ်းဘောမြို့နယ် ကောင်းမှုလုံကျေးရွာရှိ ကောင်းမှုလုံစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ်တို့ကို ဆက်သွယ်ထားသည့် မလိခကြိုးတံတားနှင့် မချမ်းဘောမြို့နယ်ရှိ ကျောက်နဂါးရှုခင်းသာတို့ကို ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်နှင့် ဇနီးတို့က လေ့လာရေးအဖွဲ့ဝင်များအား မြစ်ကြီးနားမြို့ မလိခရိပ်သာမြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ ယင်းနောက် ဧရာဝတီမြစ်အတွင်း ဆီမီးမျှော၍ မီးရှူးမီးပန်းများ ပစ်ဖောက်ကာ စစ်သံမှူးများနှင့် မိသားစုဝင်များသည် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်အတူ ကချင်ရိုးရာ မနောအကကို တပျော်တပါး ပါဝင်ကခုန်ကြသည်။

လေ့လာရေးအဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့နယ် ကျိန်ခရန်ကျေးရွာအနီးရှိ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို လည်းကောင်း၊ အောင်မြင်သာ စံပြကျေးရွာသစ်ကို လည်းကောင်း ကြည့်ရှုလေ့လာကြပြီး အထူးလေယာဉ်ဖြင့် မြစ်ကြီးနားမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၃၀ ရက်က သန်လျင်မြို့ ရှင်စောပုခန်းမ၌ ကျင်းပရာ ခရိုင်အဆင့်ထူးချွန် မြို့နယ်ဆုရ သန်လျင်မြို့နယ်အား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၅၂၇)

ကျန်းမာရေး ဆေးသိပ္ပံသတင်း

ဆေးဒဏ်ခံနိုင်သည့် မျိုးဗီဇပါ ဗက်တီးရီးယားများ အိန္ဒိယနိုင်ငံရှိ ဘုံပိုင်ရေနှင့် ရေအိုင်အချို့၌ တွေ့ရှိ

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ ရေဘုံပိုင် ၅၁ ခုမှ ရယူသော ရေနမူနာများအနက် နှစ်ခုတွင်လည်းကောင်း၊ ကလေးများ ဆော့ကစားလေ့ရှိသည့် ဒါဇင်နှင့် ချီပြီးရှိနေသော ရေအိုင်၊ ဗွက်အိုင်များတွင်လည်းကောင်း "ဆူပါဘဂ်" ခေါ် ပဋိဇီဝဆေးများကို ခံနိုင်ရည်ရှိသော မျိုးဗီဇတစ်ခုပါဝင်သည့် ဗက်တီးရီးယားများ ရှာဖွေတွေ့ရှိရကြောင်း လင်းဆက်ကူးဆက်ရောဂါဆိုင်ရာဂျာနယ်တွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ ကားဒစ်ဖ်တက္ကသိုလ်မှ သုတေသနအဖွဲ့တစ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည့် NDM-1 ခေါ် မျိုးဗီဇကို ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ဝမ်းကိုက်ရောဂါများ ဖြစ်ပွားစေတတ်သည့် ဗက်တီးရီးယားများ အပါအဝင် ကွဲပြားခြားနားသော ဗက်တီးရီးယား ၁၁ မျိုးတို့၌ ပါဝင်နေသည်ကို တွေ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

NDM-1 မျိုးဗီဇပါ ဗက်တီးရီးယားကို အိန္ဒိယ၊ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ ကူးစက်ရောဂါကြောင့် ဆေးရုံတက်ရသည့် အသည်းအသန်လူနာများတွင်လည်းကောင်း၊ အဆိုပါ နိုင်ငံများသို့ ခွဲစိတ်ကုသရန်အတွက် လာရောက်ကြသည့် နိုင်ငံခြားသားအချို့တွင်လည်းကောင်း တွေ့ရှိရတတ်သော်လည်း ပြင်ပ သဘာဝပတ်ဝန်းကျင်၌ တွေ့ရခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးတွေ့ရခြင်းဖြစ်သည်။

လက်ရှိအခြေအနေတွင် ကုသမရနိုင်သော ကူးစက်ရောဂါတစ်စုံတစ်ခု ရေမှတစ်ဆင့် ကူးစက်ပျံ့ပွားသည်ဟု မသိရသေးသော်လည်း မိုးရာသီကာလတွင် ဖြစ်လာနိုင်ဖွယ်ရှိသည်ကို ကျွမ်းကျင်ပညာရှင်များက စိုးရိမ်မကင်း ဖြစ်လျက်ရှိသည်။

အင်တာနက်-iht.com

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများအဖွဲ့နာယက အမေရိကန်စစ်သံမှူး Col. Brey R. Sloan နှင့် နိုင်ငံခြားစစ်သံမှူးများ၊ ၎င်းတို့၏ မိသားစုဝင်များ မြစ်ကြီးနားမြို့နယ် ကျိန်ခရန်ကျေးရွာအနီးရှိ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

သား ငါး က ဏ္ဍ

မြန်မာ့ငါးမြစ်ချင်းကို တရုတ်လူမျိုးတို့၏ ရိုးရာအစားအစာအဖြစ် ပြုပြင်ထုတ်လုပ်နိုင်ရန် လာရောက်လေ့လာ

မြန်မာနိုင်ငံ၌ တွင်ကျယ်စွာမွေးမြူလျက်ရှိသည့် ငါးမြစ်ချင်းငါးများကို ငါးဆားနယ် အဖြစ်ပြုလုပ်၍ ရိုးရာအစားအစာအဖြစ် စားသုံးရန် တရုတ်လုပ်ငန်းရှင်များနှင့် နည်းပညာကျွမ်းကျင်သူတို့က လာရောက်လေ့လာလျက်ရှိရာ ယင်းလေ့လာမှု အောင်မြင်ပါက မြန်မာနိုင်ငံအနေဖြင့် ထုတ်လုပ်မှုအသစ်၊ ဈေးကွက်အသစ်ရရှိလာမည်ဖြစ်ပြီး အကျိုးအမြတ်လည်း များစွာရရှိလာမည်ဖြစ်ကြောင်း သိရသည်။

သတင်းမှတ်စု - ချစ်ဝင်းမြတ် (ကြေးမုံ)

ငါးဆားနယ်ထုတ်လုပ်နိုင်ရန်အတွက် တရုတ်လုပ်ငန်းရှင်များ အနေဖြင့် ရန်ကုန်နှင့် အနီးဝန်းကျင်တွင်ရှိသည့် ကုမ္ပဏီများနှင့် ငါးကန်များတွင် လေ့လာမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထုတ်လုပ်မှုအပိုင်းနှင့်ပတ်သက်၍ အောင်မြင်မှုရရှိပါက အမြောက်အမြား ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ ယင်းအစားအစာကို လက်ခံစားသောက်ပြီဆိုပါက တရုတ်နိုင်ငံဈေးကွက်သည် အလွန်ပင်ကျယ်ပြန့်သည့် ဈေးကွက်ဖြစ်ရာ ငါးမွေးမြူတင်ပို့သည့် ဈေးကွက်အသစ်တစ်ခု ထပ်မံရရှိစေမည်ဖြစ်ကြောင်း၊ ထို့အပြင် လက်ရှိတင်ပို့နေသည့် အရှေ့အလယ်ပိုင်းဈေးကွက်၊ ဘင်္ဂလားဒေ့ရှ်ဈေးကွက် နှစ်ခုပေါင်းနှင့်ပင် အချိုးညီဈေးကွက်ကို ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ "ငါးမြစ်ချင်းက အရှေ့အလယ်ပိုင်း ဈေးကွက်နဲ့ ဘင်္ဂလားဒေ့ရှ်ဈေးကွက်ကိုပဲ အဓိက တင်ပို့နေရတဲ့ အခြေအနေကနေပြီး နောက်ထပ် ဈေးကွက်တစ်ခုရလာမှာဖြစ်တယ်။ ဈေးကွက်အနေအထားကလည်း မတူတဲ့ပုံစံနဲ့ သွားမှာဖြစ်တယ်။ အရှေ့အလယ်ပိုင်းနဲ့ ဘင်္ဂလားဒေ့ရှ်က အကောင်လိုက်ရေခဲရိုက် ပုံစံနဲ့သွားတယ်။ တရုတ်က ငါးဆားနယ်ပုံစံနဲ့သွားမယ်"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးဝင်းကြိုင်က ရှင်းပြသည်။ ။

ငါးသယံဇာတထိန်းသိမ်းရေး ဟောပြော

ရန်ကုန် ဧပြီ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းထိုက်နှင့် ဝန်ထမ်းများသည် ဆားကျင်းကျေးရွာအတွင်းရှိ ကမ်းနီးရေလုပ်ငန်းရှင်များ၊ ငါး၊ ပုစွန်အဝယ်ဒိုင်များ၊ အင်းလုပ်ငန်းရှင်များ၊ ရေလုပ်သားများနှင့် တွေ့ဆုံ၍ ငါးသယံဇာတထိန်းသိမ်းရေးအတွက်လည်းကောင်း၊ ငါးမျိုးများပြုန်းတီးမှုမှ ကာကွယ်ရန်အတွက်လည်းကောင်း၊ ငါးရစ်၊ ငါးသန်ကာလကျရောက်ချိန်တွင် ငါးမဖမ်းဆီးရေး အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (မြို့နယ်ငါးလုပ်ငန်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လှိုင် ကန့်ဘလူမြို့နယ်ရှိ ကင်းတပ်ရေထိန်းတမံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သဖန်းဆိပ်၊ ကင်းတပ်နှင့် ကာဘိုးရေလွှဲဆည်ရေသောက်ဧရိယာရှိ တောင်သူများအား စိုက်ပျိုးရေကို ထိရောက်အကျိုးရှိစွာ သုံးစွဲကြရန် ဝန်ကြီး ဦးမြင့်လှိုင် ဆွေးနွေးမှာကြား

နေပြည်တော် ဧပြီ ၁၀

ဤကြီးမားလှသည့် တာတမံကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြံ့ခိုင်ထိန်းသိမ်းရေးလုပ်ငန်းများကို မျက်ခြည်မပြတ်ဆောင်ရွက်ရန်လိုကြောင်း၊ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို တွက်ဆပြီး ရေဝေရေလဲနယ်မြေကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရန်လိုကြောင်း၊ ဆည်ကြီးတည်ဆောက်ပေးထားသည့် အဓိက ရည်မှန်းချက်ဖြစ်သည့် ဒေသတွင်း သီးထပ်သီးညှပ်စိုက်ပျိုးရေး၊ တောင်သူများ အချိန်မီ ရေလုံလောက်စွာ ရရှိသုံးစွဲနိုင်ရေး၊ အောက်ခြေဆင်းပြီး တောင်သူများ၏ လိုအပ်ချက်ကို တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေးရန်နှင့် ဒေသတွင်း သားငါးဖူလုံပေါများစွာ စားသုံးနိုင်ရေးအတွက် ခေတ်မီလှောင်အိမ်စနစ်ဖြင့် ငါး၊ ပုစွန်များ စီးပွားဖြစ် မွေးမြူထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ဆည်တာတမံကြီး၏ လုံခြုံရေးနှင့် ခိုင်ခံ့မှုကို မထိခိုက်စေသည့် စည်းကမ်းဘောင်အတွင်းမှ လုပ်ဆောင်အကောင်အထည်ဖော်သွားရန်တို့ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လှိုင်က ဧပြီ ၈ ရက် မွန်းလွဲ ၂ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာအနီး မူးမြစ်ပေါ်၌ တည်ဆောက်ထားသော သဖန်းဆိပ် ဘက်စုံရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိစဉ် တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဝင်းနှင့် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီးသည် သဖန်းဆိပ် ရေလှောင်တမံအတွင်း ရေစီးဝင်မှု၊ ထိန်းသိမ်းထားရှိမှု၊ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်နေမှုနှင့် စိုက်ပျိုးရေပေးဝေမှု တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ဝန်ကြီးသည် ဧပြီ ၉ ရက် နံနက် ၈ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ဝက်တိုးကျေးရွာအနီး တည်ဆောက်ထားသော ကင်းတပ်ရေထိန်းတမံသို့ ရောက်ရှိပြီး ကန့်ဘလူမြို့နယ် ဘုတ္တောကျေးရွာအုပ်စု ဆားကုန်းကျေးရွာမှ ကင်းတပ်ရေထိန်းတမံ ရေသောက်ဧရိယာအတွင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော တောင်သူများနှင့် လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် ကင်းတပ်ရေထိန်းတမံ၏ အောက်ဘက် ၂၄ မိုင်အကွာ ကန့်ဘလူမြို့နယ် ကာဘိုးရွာအနီး ကာဘိုးရေလွှဲဆည်၌ ဒေသခံတောင်သူများနှင့် လည်းကောင်း တွေ့ဆုံကာ ကျေးလက်ဒေသနေ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်လာစေရေးအတွက် သီးနှံများ၏ တစ်ဧကအထွက်နှုန်း အမှန်တကယ် တိုးတက်စေရန်၊ မိမိရေမြေဒေသ ရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် မျိုးကောင်း မျိုးသန့်များ ပြောင်းလဲသုံးစွဲရေး၊ မျိုးသန့်ဇုန်များ ထူထောင်ဆောင်ရွက်သွားကြရေး၊ ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များ ပြောင်းလဲကျင့်သုံးရေး၊ လိုအပ်သော သွင်းအားစုများ စနစ်တကျ အချိုးညီညီ သုံးစွဲတတ်စေရေးတို့ကို လက်တွေ့ကျကျ ကျင့်သုံးလာကြစေရန် ဝန်ထမ်းကျွမ်းကျင်ပညာရှင်များက နမူနာစံပြကွက်များ ထူထောင်ပေးမည် ဖြစ်ကြောင်း၊ နိုင်ငံတော်က စိုက်ပျိုးရေ ရရှိရေးအတွက် ရေလှောင်တမံများ၊ ရေလွှဲဆည်များ၊ ရေထိန်းတံခါးများ၊ မြေအောက်ရေများ၊ မြစ်ရေတင်များ ဆောင်ရွက်ပေးထားရာ စိုက်ပျိုးသီးနှံများ အထွက်နှုန်းကောင်းစေရေး၊ စိုက်ပျိုးရေကို ထိရောက်အကျိုးရှိစွာ အလေအလွင့် မဖြစ်စေဘဲ သုံးစွဲကြရေးတို့ကို မှာကြားသည်။

ဝန်ကြီးသည် ကာဘိုးရေလွှဲဆည်မှ ရွှေဘိုတူးမြောင်းအတိုင်း မော်တော်ယာဉ်များဖြင့် တူးမြောင်းအတွင်း ရေစီးဆင်းမှု၊ တူးမြောင်းမှ စိုက်ပျိုးရေဖြင့် ခင်ဦးမြို့နယ်၊ ရွှေဘိုမြို့နယ်များအတွင်း နွေစပါး စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

သဖန်းဆိပ် ဘက်စုံရေလှောင်တမံ၏ ရေလှောင်နိုင်မှုပမာဏမှာ ဧကပေ ၂၈၈၀၀၀၀ ရှိပြီး ကင်းတပ် ရေထိန်းတမံနှင့် ကာဘိုးရေလွှဲဆည်တို့မှတစ်ဆင့် နှစ်စဉ်မိုးစပါး၊ နွေစပါး ဧက ၈ ဒသမ ၂ သိန်း စိုက်ပျိုးလျက်ရှိသည်။

ကင်းတပ်ရေထိန်းတမံသည် သဖန်းဆိပ် ဘက်စုံရေလှောင်တမံစီမံကိန်း၏ အောက်ဘက် ကိုးမိုင် အကွာတွင်ရှိ၍ သဖန်းဆိပ်ဆည်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပြီး စီးဆင်းလာသောရေများနှင့် စိုက်ပျိုးရေ ထုတ်ပြန်မှ ထုတ်လွှတ်သောရေများကို ထိန်းကာ လက်ဝဲနှင့် လက်ယာတူးမြောင်းများမှတစ်ဆင့် စိုက်ပျိုးမြေ ဧရိယာ ဧက နှစ်သိန်းခန့်ကို စိုက်ပျိုးရေအဖြစ် ပေးဝေလျက်ရှိသည်။

ထို့အတူ ကာဘိုးရေလွှဲဆည်သည် ကင်းတပ်ရေထိန်းတမံမှ စီးဆင်းလာသောရေများကို ရွှေဘိုတူးမြောင်းမကြီးဖြင့် ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်၊ ရွှေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်၊ စစ်ကိုင်းမြို့နယ်များသို့ စိုက်ပျိုးမြေဧရိယာ ၂၁၆၁၀၂ ဧကနှင့် ရေဦးတူးမြောင်းမကြီးဖြင့် ရေဦးမြို့နယ်၊ ဒီပဲယင်းမြို့နယ်၊ အရာတော်မြို့နယ် စိုက်ပျိုးမြေဧရိယာ ၁၁၆၂၂၄ ဧက စုစုပေါင်း စိုက်ပျိုးမြေဧရိယာ ၃၃၂၃၂၆ ဧကကို စိုက်ပျိုးရေ ပေးဝေလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စိုက် ပျိုး ထွက် ကုန် စုံ လင် အ မြို့ မြို့ အ နယ် နယ် တစ် ခွင်

ပဲခူးဒေသထွက် ကွမ်းဈေးကွက်

ပဲခူး ဧပြီ ၁၀

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်အတွင်းရှိ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ သာယာအေး၊ အင်းတကော်ဒေသတို့တွင် စိုက်ပျိုးထားသော ကွမ်းခြံများမှ ထွက်ရှိသည့် ကွမ်းရွက်များမှာ ကွမ်းပြင်ပပေါက်ဈေး ကွမ်းရွက်တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ရှိသော်လည်း ပဲခူးဒေသထွက် ကွမ်းရွက်တစ်ပိဿာလျှင် ငွေကျပ် ၆၀၀ မှ ငွေကျပ် ၁၀၀၀ အထိသာ ရသည်။

ပဲခူးမြို့ရှိ ကွမ်းရွက်အဝယ်ဒိုင်များ အနေဖြင့် ပဲခူးဒေသထွက် ကွမ်းရွက်များမှာ အဝါရောင်သန်းနေခြင်း၊ အစက်အပြောက်များပါဝင်ခြင်း၊ ကွမ်းရွက်များ အရွယ်အစားမညီခြင်း၊ ကွမ်းရွက်များ တာရှည်မခံခြင်း၊ ကွမ်းရွက်အထွက်နှုန်း တစ်နေ့နှင့်တစ်နေ့ မညီခြင်း စသည်တို့ကြောင့် ဈေးနည်းခြင်းဖြစ်ကြောင်း သိရသည်။

ပဲခူးမြို့တွင် ဈေးကောင်းရပြီး လူကြိုက်များသည့် ကွမ်းရွက်များမှာ ဇလွန်ကွမ်းနှင့် ပန်းတနော်ကွမ်းများသာ ဖြစ်ကြောင်းသိရသည်။ ပဲခူးတိုင်းဒေသကြီးသို့ ရန်ကုန်ကွမ်းကုန်သည်များ အနေဖြင့် ဇလွန်ကွမ်းနှင့် ပန်းတနော် ကွမ်းများကို ရထားလမ်းဖြင့် လည်းကောင်း၊ ကားလမ်းကို အသုံးပြု၍လည်းကောင်း နေ့စဉ် ပေးပို့လျက်ရှိသည်။ (နီလာဝင်း)

ဆိပ်ဖြူမြို့နယ်၌ ကုလားပဲ စံကွက်ရိတ်သိမ်း

ဆိပ်ဖြူ ဧပြီ ၁၀

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်အတွင်း တောင်သူမျိုးစေ့ဘဏ် တည်ထောင်ပြီး ဆောင်းသီးနှံ ရာသီ၊ ကုလားပဲသီးနှံ (ရေဆင်း-၈) မျိုးကောင်းမျိုးသန့် ဖြန့်ဝေစိုက်ပျိုးစေခြင်းဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်ကြောင်း လက်တွေ့ စံကွက် ရိတ်သိမ်းပြသခြင်း သရုပ်ပြပွဲကို ကိုးတောင့်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၁၁၆)ရှိ တောင်သူ ဒေါ်သန်းငွေး၏ ကုလားပဲစိုက်ဧက ၁ ဒသမ ၅၀ ဧက၌ မတ် ၂ ရက်က ကျင်းပသည်။**(အပေါ်ပုံ)** (မြို့နယ်ပြန်/ဆက်)

ရမည်းသင်းမြို့တွင် သီးနှံမျိုးစုံစိုက်ပျိုးပြီး

ရမည်းသင်း ဧပြီ ၁၀

၂၀၁၀-၂၀၁၁ ခုနှစ်တွင် ရမည်းသင်းခရိုင်နှင့် မြို့နယ်စိုက်ကြပ်ကော်မတီဝင်များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်းမှ တောင်သူများက စီမံကိန်း သီးနှံများ စိုက်ပျိုးခဲ့ကြပြီးဖြစ်သည်။

စိုက်ပျိုးခဲ့သော စီမံကိန်းသီးနှံများမှာ မိုးစပါး ၂၇၂၆၄ ဧက၊ အစေ့ထုတ်ပြောင်း ၁၈၁၅ဧက၊ နှံစားပြောင်း ၁၂၅၅ ဧက၊ မိုးမြေပဲ ဧက ၁၄၂၂၀၊ ဆောင်းမြေပဲ ၁၆၂၃ ဧက၊ မိုးနှမ်း ၁၆၂၈၈ ဧက၊ ဆောင်းနှမ်း ၆၂၅၅ ဧက၊ မိုးကြိုချည်မျှင်ရှည်ဝါ ၁၃၄၁ ဧက၊ မိုးဝါ ဧက ၅၅၀၊ ဝါကြီး ၁၉၄ ဧက၊ မလှိုင်ဝါ ၃၅၁ ဧက၊ မိုးနေကြာ ၁၆၃၃ ဧက၊ ဆောင်းနေကြာ ၂၆၆၁၅ ဧက၊ မိုးပဲတီစိမ်း ၄၄၅၄ ဧက၊ ဆောင်းပဲတီစိမ်း ၇၄၀၉ဧက၊ ပဲစင်းငုံ ဧက ၅၀၄၀၊ ကုလားပဲ ၁၇၆၇၁ ဧက၊ ငရုတ် ၃၁၉၄၂ ဧက၊ အခြားပဲ(မိုး)၂၇၁၆ ဧကနှင့် အခြားပဲ(ဆောင်း)၁၉၉၈ ဧက စသည့် သီးနှံများကို စိုက်ပျိုးခဲ့ကြပြီး ဖြစ်သည်။

၂၀၀၉-၂၀၁၀ ခုနှစ် မိုးစပါး ၂၅၈၁ ဧကပါ စိုက်ပျိုးနိုင်ခဲ့ရာ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ၂၇၂၆၄ ဧက စိုက်ပျိုးခဲ့၍ ယခင်နှစ်ကထက် ၂၂၅၃ ဧက ပိုမို စိုက်ပျိုးနိုင်ခဲ့သည်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ရမည်းသင်းနွေစပါး ဧက၂၀၃၀ စိုက်ပျိုးမည်ဖြစ်ပြီး ပျော်ဘွယ်မြို့တွင် နွေစပါး ဧက ၁၀၈၀ စိုက်ပျိုးသွားမည် ဖြစ်ကြောင်းသိရသည်။ (၁၁၅)

အင်တာနက် ကျောက်ဖြစ်ရုပ်ကြွင်းသိပ္ပံ

ဒိုင်နိုဆောမျိုးစိတ်သစ်တစ်ခု တရုတ်နိုင်ငံတွင် တွေ့ရှိ

အရွယ်အစားအကြီးမားဆုံး အသားစား ဒိုင်နိုဆော အမျိုးအစားထဲမှ တစ်မျိုးဖြစ်သည့် တိုင်ရင်နိုဆောရတ် ရက်(စ်) (Tyrannosaurus rex) ၏ ဆွေမျိုးရင်းခြာမျိုးစိတ်တစ်ခုကို တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်ဒုံးပြည်နယ်တွင် တွေ့ရှိခဲ့ကြောင်း ကျောက်ဖြစ်ရုပ်ကြွင်း ပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

နှစ်ပေါင်းများစွာ ပျောက်ဆုံးသွားခဲ့သော ယင်းမျိုးစိတ်၏ ကျောက်ဖြစ်ရုပ်ကြွင်းများအား ဒိုင်နိုဆောအရိုးစုများနှင့်အတူ တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒုံးပြည်နယ် ဇူချင်မြို့တွင် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး တွေ့ရှိခဲ့သောနေရာကို အစွဲပြုကာ "ဇူချင်က မဟာတိုင်ရင်" ဟု နာမည်ပေးထားကြကြောင်း အိုင်ယာလန်နိုင်ငံ ဂျူဘလင်တက္ကသိုလ်မှ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် ဒေးဗစ်ဟွန်းက ဆိုသည်။

ယခုတွေ့ရှိသော မျိုးစိတ်သစ်မှာ တိုင်ရင်နိုဆောရတ် ရက်(စ်)နှင့် အနီးစပ်ဆုံး မျိုးစိတ်များဖြစ်သော အကြီးစား ဒိုင်နိုဆောအုပ်စုမှ တစ်ခုဖြစ်ပြီး ၎င်း၏ ကျောက်ဖြစ်ရုပ်ကြွင်းများမှာ လက်မောင်းများ၊ လက်ချောင်းပါရှိသော လက်နှစ်ဖက်နှင့် အရွယ်အစားကြီးမားပြီး အရိုးများကို ကိုက်ဝါးနိုင်လောက်အောင် တောင့်တင်းကြံ့ခိုင်သည့် မေးရိုးများ ပါဝင်သည်။

ယင်းတိုင်ရင်နိုဆောရတ် ရက်(စ်) အမျိုးအစားသည် တရုတ်နိုင်ငံ၌သာ တွေ့ရှိရသော ပထမဦးဆုံး ဒိုင်နိုဆောမျိုးစိတ်သစ် ဖြစ်သည့်အပြင် အသားစားဒိုင်နိုဆောငါးမျိုးထဲမှ အရွယ်အစားအကြီးမားဆုံး ဖြစ်ကြောင်း ဒေးဗစ်ဟွန်းက ဆိုသည်။

ယခုတွေ့ရှိသော မျိုးစိတ်သစ်မှာ အလျား ၃၆ ပေ၊ အမြင့် ၁၃ ပေနှင့် အလေးချိန် ပေါင် ၁၃၀၀၀ ရှိမည်ဟု ခန့်မှန်းရကြောင်း သုတေသီများက ဆိုသည်။

ကြယ်စင်သာ

သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ နေပြည်တော်အတွင်း ယာဉ်မောင်းသူများ လိုက်နာရန်၊

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက်ဖြုတ် မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များတပ်ဆင်ခြင်း လုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်)မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
(၁၀) မော်တော်ဆိုင်ကယ်မဝင်ရ သတ်မှတ်ထားသော နယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်း လုံးဝမပြုရ။
(၁၁) မော်တော်ဆိုင်ကယ်စီးနင်းလျှင် ဦးထုပ်ဆောင်းရမည်၊ မေးသိုင်းကြိုး တပ်ရမည်၊ နှစ်ဦးထက်ပို၍ စီးနင်းခြင်းမပြုရ၊ အရှိန်ပြင်းမောင်းနှင်ခြင်းမပြုရ၊ ဟွန်းသံစုံတပ်ဆင်ခြင်း မပြုရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER)ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။

(ဃ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား ဓာတ်ပုံမှတ်တမ်းရိုက်ကူးပြီး ထိရောက်စွာအရေးယူ ဆောင်ရွက်သွားပါမည်။

(င) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

နိုင်ငံခြားသင်္ဘောကြီးများ တန်ချိန် ၃၅၀၀၀ ထိ တိုးမြှင့်ဝင်ရောက်နိုင်အောင် ရန်ကုန်မြစ်ကြောင်း ပြုပြင်သွားမည်

နေပြည်တော် ဧပြီ ၁၀

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် နိုင်ငံခြားရေယာဉ်ကြီးများနှင့် ပြည်တွင်းခုတ်မောင်းသွားလာလျက်ရှိသည့် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရေး ဆောင်ရွက်သွားကြရန်၊ ကုန်တင်ကုန်ချလုပ်ငန်းများ သတ်မှတ်အချိန်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ဧပြီ ၉ ရက် နံနက်ပိုင်းတွင် ထီးတန်းဆိပ်ကမ်းမှ သမီးလှရေယာဉ်ဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့ပြင် လက်ရှိဝင်ရောက်လျက်ရှိသော နိုင်ငံခြားသင်္ဘောကြီးများအား တန်ချိန် ၁၅၀၀၀ မှ တန်ချိန် ၃၅၀၀၀ ထိ တိုးမြှင့်ဝင်ရောက်နိုင်ရေးအတွက် ရန်ကုန်မြစ်ကြောင်း ပြုပြင်ခြင်းများ ဆောင်ရွက်သွားကြရန်လည်း မှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီးသည် ထီးတန်းဆိပ်ကမ်းမှ ကြည့်မြင်တိုင် ငါးဈေးဆိပ်ကမ်း၊ မန်းမြန်မာဆိပ်ကမ်း၊ ဆူးလေဆိပ်ကမ်း၊ ဝါးတန်း၊ ကိုင်းတန်း၊ ဘုန်းကြီးလမ်း၊ စဉ့်အိုးတန်း၊ ပန်းဆိုးတန်း-နန်းသီတာ ဆိပ်ကမ်းတို့ကို သမီးလှရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နန်းသီတာဆိပ်ကမ်းမှ ဆူးလေဆိပ်ကမ်းသို့ သွားရောက်ကာ ဆူးလေဆိပ်ကမ်း၌ သင်္ဘောကြီးပေါ်သို့ သစ်လုံးများ တင်ဆောင်နေမှု၊ ကမ်းနားလမ်း တိုးချဲ့ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်ဆိပ်ကမ်း၌ ဒေသတွင်းနှင့် အထက်မြန်မာပြည်၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်းဒေသများမှ စက်လှေကြီးများ၊ လှေ၊ သင်္ဘောကြီး/ငယ်များ ဆိုက်ကပ်နိုင်သော တံတားကြီး/ငယ် ၄၁ စင်း ရှိကြောင်း၊ အဆိုပါတံတားကြီး/ငယ်များ၌ နှစ်စဉ် ပြည်တွင်းရေကြောင်းနှင့် ပုဂ္ဂလိကပိုင် ရေယာဉ်များအပါအဝင် ၆၈၀၀ စင်း၊ အထွက်ပျမ်းမျှ ၆၈၈၅ စင်းခန့်မှ ကုန်တန်ချိန် ရန်ကုန်အဝင် ၃၆၃၅၂ တန်ခန့်နှင့် ရန်ကုန်အထွက် တန် ၂၈၆၇၀၀၊ ခရီးသည် ရန်ကုန်အဝင် ၅၇၄၁၀၅၈ ဦးခန့်နှင့် ရန်ကုန်အထွက် ၇၁၇၈၅၀၀ ကုန်နှင့် ခရီးသည် တင်/ချပြုလုပ်လျက်ရှိကြောင်း၊ ဆိပ်ခံတံတားအလိုက် ဝင်ရောက်ဆိုက်ကပ်ခဲ့သော နိုင်ငံခြားပင်လယ်ကူး သင်္ဘောကြီးများမှာ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ၁၅၉၈ စင်းရှိပြီး ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ၁၇၁၉ စင်း တိုးမြှင့်ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ကုန်ကိုင်တွယ်နိုင်မှုပမာဏမှာ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် မက်ထရစ်တန်ပေါင်း ၁၆၁၄၇ ဖြစ်ပြီး ၂၀၁၀-၂၀၁၁ခုနှစ်တွင် မက်ထရစ်တန်ပေါင်း ၁၇၀၀၇ တိုးမြှင့်ကိုင်တွယ်နိုင်ခဲ့ကြောင်း၊ ကုန်သေတ္တာကိုင်တွယ်နိုင်မှုပမာဏမှာ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် TEU ထောင်ပေါင်း ၃၀၃ ဒသမ ၄၁၀ ကိုင်တွယ်နိုင်ခဲ့ပြီး ၂၀၁၀-၂၀၁၁ ခုနှစ်တွင် TEU ထောင်ပေါင်း ၃၂၈ ဒသမ ၆၇၃ တိုးမြှင့် ကိုင်တွယ်နိုင်ခဲ့ကြောင်း၊ ရန်ကုန်မြစ်ကြောင်းတစ်လျှောက် ရေယာဉ်ကြီးများ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်း သွားလာနိုင်ရေးအတွက် အတွင်းစည်းခုံ ရေလမ်းကြောင်း၌ နေ့စဉ် သောင်တူးရေယာဉ်ကြီးများဖြင့် သောင်တူးဖော်လျက်ရှိပြီး အပြင်စည်းခုံ ရေလမ်းကြောင်း၌ လုံလောက်သော ရေအနက်ရရှိစေရေးအတွက် ရေကြောင်းလမ်းပြ မီးဗော်ယာများကို ရွှေ့ပြောင်း၍ ရေကြောင်း ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းအောင် ဆူးလေဆိပ်ကမ်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးမှ ဒုတိယဝန်ကြီး ဦးဝင်းသန်း ပြန်လည်ရောက်ရှိ

နေပြည်တော် ဧပြီ ၁၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းလိုက်ပါလျက် ဧပြီ ၇ ရက် နံနက်ပိုင်းတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီ၌ကျင်းပသည့် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ၏ သီးသန့်ဆွေးနွေးပွဲ (Finance Ministers Retreat) နှင့် (၁၅)ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး (15 th ASEAN Finance Ministers' Meeting) တို့သို့ တက်ရောက်ပြီး မွန်းလွဲပိုင်းတွင် Bvlgarl Resort ၌ ကျင်းပသည့် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ၏ သီးသန့်ဆွေးနွေးပွဲ (Finance Ministers' Retreat) သို့ တက်ရောက်သည်။

ဧပြီ ၈ ရက် နံနက်ပိုင်းတွင် The Westin Hotel, Convention Center ခန်းမ၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကို အင်ဒိုနီးရှားသမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုယိုနို တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ဒုတိယဝန်ကြီးသည် အလုပ်သဘော နေ့လယ်စာစားပွဲသို့ အာဆီယံဝန်ကြီးများနှင့်အတူ တက်ရောက်သည်။

ဒုတိယဝန်ကြီး ဦးဝင်းသန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၉ ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

(သတင်းစဉ်)

(၁၅)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း တက်ရောက်ခဲ့စဉ်။ (သတင်းစဉ်)

သတိ

၁။ လေပေါင်(၁၀၀)မှ (၁၅၀)အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်လုံးနှင့် နားများအား ထိုးမိပါက မျက်လုံးနှင့်နားကန်းနိုင်ခြင်း စသည့် အန္တရာယ်များဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်း မပြုရန် တားမြစ်သည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီအတွင်းသာ ရေပက်ကစားရန်နှင့် ညနေ ၆ နာရီ နောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်သည်။

၃။ တားမြစ်ချက်ဖောက်ဖျက်ပါက တည်ဆဲဥပဒေအရ အရေးယူခံရမည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့.

ပညာအလင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ကလေး ဧပြီ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ပျဉ်းခုံကြီးကျေးရွာအုပ်စု အောင်မြင်သာကျေးရွာ ပညာအလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို မတ် ၅ ရက်က အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ ကလေးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဒိုင်ကျင့်ပါအိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍စာအုပ်နှင့် ရန်ပုံငွေ လှူဒါန်းပွဲကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ငွေကျပ် သုံးသောင်း၊ သုတရသ စာအုပ် ၁၀၅ အုပ်နှင့် တိုင်ကပ်နာရီ တစ်လုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းထင်က ငွေကျပ် ၁၀၀၀၀ နှင့် သုတ/ရသစာအုပ် ၉၀၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတရသစာအုပ် ၈၁ အုပ်၊ ဌာနဆိုင်ရာနှင့် ကျေးရွာပြည်သူများက ငွေကျပ် ၁၅၃၀၀၀နှင့် သုတရသစာအုပ်မျိုးစုံ ၂၅၅၀ တို့ကို လှူဒါန်းကြသည်။

(ခရိုင်ပြန်/ဆက်)

အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ငါန်းဇွန် ဧပြီ ၁၀

မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် တောင်လယ်တောကျေးရွာ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲ နှင့် ရုပ်မြင် သံကြားဖမ်းစက်၊ ရေဒီယို၊ ပရိဘောဂနှင့် စာအုပ်စာစောင်များလှူဒါန်းပွဲကို မတ် ၁၀ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် တာဝန်ရှိသူများက စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်သန်းထွန်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက်သို့ စာအုပ်စာစောင်များနှင့် ပရိဘောဂပစ္စည်းများ လှူဒါန်းကြရာ ဗိုလ်ချုပ်လှမင်း မိသားစုကိုယ်စား ဦးဆိတ်ကြည်က ငွေကျပ်ငါးသိန်းတန်ဖိုးရှိ သုတရသစာအုပ်မျိုးစုံ ၁၆၇၅ အုပ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသက်နိုင်-ဒေါ်ထားထားဦးမိသားစုက ငွေကျပ်ငါးသောင်း၊ လုံးခင်းမြို့နေ ဦးဝင်းညွှန့်-ဒေါ်ခင်မာမာအေး မိသားစုက ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်တစ်လုံးနှင့် အလှူရှင်စုစုပေါင်း ၁၉ ဦးတို့က တန်ဖိုးငွေကျပ် ခုနစ်သိန်းရှိ ပရိဘောဂပစ္စည်းများနှင့် စာကြည့်တိုက်အတွက် ရန်ပုံငွေကျပ် တစ်သိန်းတစ်သောင်း ပေးအပ်လှူဒါန်းကြသည်။

(တိုင်းဒေသကြီးပြန်/ဆက်)

❖ **ကျောဖုံးမှ**

ဒေသကြီးနှင့် ရခိုင်ပြည်နယ်ကို ဆက်စပ်ပေးမည့် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းပြီးစီးပါက ရခိုင်ပြည်နယ်သည် အဘက်ဘက်က ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ ဤရထားလမ်းပိုင်းသည် အမျိုးသားရထားလမ်းကွန်ရက် (National Railway Network)၏ အစိတ်အပိုင်းတစ်ခုအဖြစ်လည်း ခေါ်ဆိုရမည်ဖြစ်ကြောင်း၊ ယိုးတရုတ်-ကျောက်တော် ရထားလမ်းပိုင်း အပါအဝင် နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့သည့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို သားစဉ်မြေးဆက် အသုံးပြုနိုင်ရေးအတွက် ဒေသခံပြည်သူများက ထိန်းသိမ်း စောင့်ရှောက်ပေးကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

သွားလာနိုင်

အခမ်းအနားတွင် ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ကျောက်တော်မြို့မှ ဦးကျော်ကျော်က ရခိုင်ပြည်နယ်ရှိ ဒေသများသည် သွားလာရေးခက်ခဲသည့် ဒေသများဖြစ်ကြောင်း၊ ယခု ရထားလမ်းပိုင်းအပါအဝင် ကားလမ်းများ၊ ရထားလမ်းများမှတစ်ဆင့် မြန်မာနိုင်ငံ ဒေသအနှံ့အပြားသို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်၍ နိုင်ငံတော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယိုးတရုတ်-ကျောက်တော် ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရထားများကို သုံးရက်တိတိ အခမဲ့ ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ရထားလမ်းပိုင်းကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းနှင့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်တို့ ယိုးတရုတ်-ကျောက်တော် ရထားလမ်းပိုင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းစီမံကိန်း၏ ယိုးတရုတ်-ကျောက်တော် ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။

(သတင်းစဉ်)

ယိုးတရုတ်-ကျောက်တော် ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား တွေ့ရစဉ်။

(သတင်းစဉ်)

မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းစီမံကိန်း၏ ယိုးတရုတ်-ကျောက်တော် ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း အဆင့်မြင့်လက်တွေ့အသုံးချဆေးဝါး စီမံခန့်ခွဲမှုသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၀

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်းက ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့်လက်တွေ့အသုံးချ ဆေးဝါး စီမံခန့်ခွဲမှုသင်တန်း အပတ်စဉ်(၈) ဆင်းပွဲကို ဧပြီ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Officer Tower အသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဝင်းစည်သူက သင်တန်းဆင်း အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းတွင်ထူးချွန်စွာ အောင်မြင်သည့် သင်တန်းသူ မနှင်းသဥ္ဇာမျိုးအား အသင်းဥက္ကဋ္ဌ ဒေါက်တာ ဝင်းစည်သူက ဂုဏ်ပြုလက်ဆောင် ပေးအပ်ကြောင်း သိရသည်။

(ကြေးမုံ)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြအေး ရန်ကုန်တက္ကသိုလ်၌ သင်ကြား၊ စီမံကိစ္စရပ်များ ဆွေးနွေးမှာကြား

နေပြည်တော် ဧပြီ ၁၀

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိပြီး ဝိဇ္ဇာခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ သင်ကြားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးမှာကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများ စစ်ဆေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၄-၂၀၁၁ (တနင်္လာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	“အကြွေး”တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ကောသလ္လ)
၆း၁၅	မေတ္တာတရားနဲ့အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မင်းအတွက်ဆိုရင်” (အပိုင်း-၇၀)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၂၈)**
၈း၄၅	April Music Show(Part-9)
၉း၂၅	ခါသကြ်န်အဆိုအကများ
၉း၄၀	MRTV-4 ကျန်းမာရေးကဏ္ဍ (သင်္ကြန်အတွင်းဖြစ်ပွားတတ်သော အရေပြားရောဂါများအကြောင်း
၁၀း၀၅	မြိုင်ပရဟိတကျောင်းတိုက်၏ သီလရှင်အပါး(၅၀၀)ဝတ်ပွဲ
၁၀း၁၅	မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၂/၂၀၁၁)
၁၀း၃၀	The Champion of Dance (မြန်မာ့ရိုးရာသင်္ကြန်ယိမ်းအကပြိုင်ပွဲ)
၁၁း၁၀	Celebrity Choice (မိုးအောင်ရင်)
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၅	Vox Pop (သင်္ကြန်စိတ်ကူး)
၁၂း၁၅	စားချင်စဖွယ်နည်းအသွယ်သွယ် (မုန်လာဥနီသုပ်နှင့်ဝက်သားစဉ်းကောချက်)
၁၂း၄၅	မြတ်နိဗ္ဗာန်သို့ရော်ရည်မှန်း မင်းလှမြို့ရဲ့ စုပေါင်းဒါနပန်း
၁း၀၀	“အကြွေး”တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ကောသလ္လ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	ဂီတသရုပ်ပြခန်း (April Queen-4)
၂း၄၅	ခါသကြ်န်အဆိုအကများ
၃း၀၀	Activities In The City (ကမ္ဘာ့ကျောက်ကပ်နေ့ အထိမ်းအမှတ်အခမ်းအနား)
၃း၁၅	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ “မင်းအတွက်ဆိုရင်” (အပိုင်း-၇၀)**
၄း၀၀	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၂၈)**
၄း၅၅	လှော်ကထားပြည်သူ့ဆေးရုံဖွင့်ပွဲ (လေးမျက်နှာမြို့နယ်၊ လှော်ကထားကျေးရွာ)
၅း၁၀	ခါသကြ်န်အဆိုအကများ
၅း၂၀	ဗီဒီယိုပြခန်း
၅း၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀	MRTV-4 သတင်း
၆း၂၀	အနုပညာမိုးကောင်းကင်
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မင်းအတွက်ဆိုရင်” (အပိုင်း-၇၁)**
၇း၂၅	April Music Show(Part-10)
၈း၀၀	MRTV-4 သတင်း
၈း၃၀	MRTV-4 မြန်မာ့ရိုးရာသင်္ကြန်
၈း၄၅	စကားနပန်း (ထူးခြားတာကောင်းတယ်၊ မထူးခြားတာကောင်းတယ်)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၂၉)**
၁၀း၁၅	Sunday Talk [ဦးရဲမြင့် (Solar Hut)၊ မျိုးမြတ်သူ]
၁၀း၅၀	ကောင်းဂုဏ်ပုံ့သင်းပုညမဥ္ဇရီ စာတော်ပြန်အသင်း
၁၁း၀၅	International Show Biz
၁၁း၂၀	Core Lens လက်စွပ်ကို ဝတ်ဆင်လေသောအခါ
၁၁း၃၀	La Mode ရဲ့သင်္ကြန်ဖက်ရှင်
၁၁း၅၅	ကလေးများ၏ ကျန်းမာဖွံ့ဖြိုးရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်သန်း)
၁၂း၁၅	Box Office Movies (Star Trek)
၁၂း၄၀	အလှော်အစား (ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)
၁၂း၅၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဘိုဘိုနှင့်တွေ့ဆုံခြင်း)
၁း၀၀	ရွှေဖြူဟုခေါ်သည် (အပိုင်း-၁)
၁း၃၀	လှပချစ်စရာ လက်မှုအနုပညာ (Candy Brown)
၂း၀၀	Shooting Location (ဦးမောင်မောင်ကြီးအိမ်)
၂း၂၀	မြန်မာ့လက်ရာ (မြန်မာ့အနုပညာလက်မှုပစ္စည်းအရောင်းပြခန်း)
၂း၄၀	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Lucky Prize Floral Service)
၂း၅၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၃း၅၅	ယွန်းဖြစ်တည်ရာ ကျောက္ကာရွာ
၄း၁၀	မဇ္ဈိမဂုဏ်ရည်မဟာစည် သာသနာ့ရိပ်သာ
၄း၃၀	မြတ်နိဗ္ဗူသို့ မျှော်ရည်မှန်းအနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ် တရားစခန်း
၄း၄၀	ချမ်းမြေ့စေတာ ချမ်းမြေ့မှာ ထာဝရရိပ်သာ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Liverpool - Man City	STAR SPORTS (Live)

တိုတို ထွာ ထွာ ဖတ် စ ရာ

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူခင်းကျဆင်းရေး ပညာပေးဟောပြော

မန္တလေး ဧပြီ ၁၀

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက မြို့နယ်အတွင်းရှိ ကျောင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁ ရက်က ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်ရာဇာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

(၃၈၇)

တိုးချဲ့ဆောင် မြင်းမူမြို့တွင် လွှဲပြောင်းပေးအပ်

မြင်းမူ ဧပြီ ၁၀

မြင်းမူမြို့ မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက ဦးဆောင် ဆောက်လုပ်ပြီးစီးသည့် အလျား ပေ ၅၀၊ အနံ ၁၄ပေရှိ RCC တစ်ထပ်အမျိုးအစား ရွှေပြည်သစ်အစည်းအဝေးခန်းမ တိုးချဲ့ဆောင်အား မြင်းမူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဧပြီ ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်သစ်အစည်းအဝေး တိုးချဲ့ဆောင်သစ်ခန်းမ၌ ကျင်းပသည်။ တိုးချဲ့ခန်းမဆောင်အား တန်ဖိုးငွေကျပ် ၁၈၃ သိန်းကျော် အကုန်ကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

(၂၂၅)

ဖြူးမြို့နယ်၌ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ဆိုင်းဘုတ်တင်

ဖြူး ဧပြီ ၁၀

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ဆိုင်းဘုတ်သစ်တင်ပွဲ အခမ်းအနားကို မတ် ၃၁ ရက် နံနက်က ဖြူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

(၁၄၀)

ပါရဂူ(သို့မဟုတ်)မြန်မာစာပေလောက၏ ထင်ရှားသော ကြယ်တစ်ပွင့် ကြွေလွင့်

ရန်ကုန် ဧပြီ ၁၀

၁၉၆၃ ခုနှစ်တွင် ညီတော်မင်းနန် စာအုပ်ဖြင့် အနုပညာစာပေဆု (ဘာသာပြန်-ပထမ)၊ ၁၉၈၆ ခုနှစ်တွင် ဂေါ်ရီစာအုပ်ဖြင့် အမျိုးသားစာပေဆု (ဘာသာပြန်-ရသ)၊ ၁၉၆၇ ခုနှစ်တွင် မြန်မာနိုင်ငံ ဟိန္ဒီစာပေအသင်း၏ စာပေရွှေတံဆိပ်ဆု၊ ၂၀၀၂ ခုနှစ်တွင် ပခုက္ကူ ဦးအုံးဖေ တစ်သက်တာစာပေဆုနှင့် ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာ စာပေဆုများအား ချီးမြှင့်ခြင်းခံခဲ့ရပြီး စာပေနယ်တွင် သာမက ဘာသာရေးနယ်ပယ်တွင်ပါ ထင်ရှားကျော်ကြားသူ စာပေပညာရှင် စာရေးဆရာကြီး ဦးလှကြိုင်(ပါရဂူ) အသက် (၉၀)သည် ဧပြီ ၉ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ အာရှတော်ဝင် အထူးကုဆေးခန်း၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့ကြောင်း သိရှိရသည်။

ဆရာကြီးကို ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် သန့်သနော့ ကျေးရွာတွင် အဖ ဦးဘစော၊ အမိ ဒေါ်မေတုတ်တို့က ၁၂၈၃ ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက် (ကြာသပတေးနေ့) (၁၀-၁၁-၁၉၂၁) ရက်နေ့တွင် မွေးဖွားခဲ့ပြီး အမည်ရင်းမှာ ဦးလှကြိုင် ဖြစ်သည်။ သန့်သနော့ကျေးရွာ မူလတန်းကျောင်း၌ စတုတ္ထတန်းအထိ ပညာသင်ယူခဲ့ပြီး (၁၀)နှစ်အရွယ်တွင် ရှင်သာမဏေဝတ်ကာ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများ အောင်မြင်ခဲ့သည်။ ၁၉၄၁ ခုနှစ်၌ အစိုးရစာချတန်း (ဂုဏ်ထူးတန်း) အောင်မြင်ခဲ့ပြီး အသက်(၂၀) အရွယ်တွင် ရဟန်းခံခဲ့သည်။ ၁၉၄၇ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ အိန္ဒိယနိုင်ငံ ဗာရာဏသီ ဟိန္ဒီတက္ကသိုလ်တွင် ပညာသင်ကြားခဲ့ကာ ၁၉၅၄ ခုနှစ်၌ လူဝတ်လဲခဲ့သည်။

ဆရာကြီး ပါရဂူသည် မြန်မာနိုင်ငံ အိန္ဒိယသံရုံး ပြန်ကြားရေးဌာန၌ ဘာသာပြန်အရာရှိ၊ မြန်မာနိုင်ငံ တက္ကသိုလ်နှင့် ကောလိပ်များ၏ အရှေ့တိုင်းပညာ သင်ကြားရေးအဖွဲ့ အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ မြန်မာနိုင်ငံထေရဝါဒ ဗုဒ္ဓဘာသာ သာသနာပြုဗဟိုအဖွဲ့ အမှုဆောင်၊ သီယိုဆိုဖီအသင်း နာယက၊ မြန်-စာ-ပြန့် ဒုတိယဥက္ကဋ္ဌ၊ မြန်မာပြည် တဂိုးအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဟိန္ဒီစာပေအသင်းဥက္ကဋ္ဌနှင့် စာရေးဆရာအဖွဲ့အစည်းများတွင် တာဝန်အသီးသီး ထမ်းဆောင်ခဲ့သည်။ ၁၉၃၉ ခုနှစ်မှ စတင်၍ စာရေးခဲ့ပြီး ပင်ကိုရေးနှင့် ဘာသာပြန်ဆို ကျမ်းစာဝတ္ထုပေါင်း (၈၀) ခန့်ရှိကာ ဗုဒ္ဓစကား၊ ဓမ္မစကား၊ ဗုဒ္ဓဒိုင်ယာရီ၊ နိဗ္ဗာန်၊ ညီတော်မင်းနန်၊ သားတော်ရာဟုလာ၊ သိဒ္ဓတ္ထ၊ စိတ္တရလေခါ၊ အမ္ဗပါလီ၊ ပီယဒဿီ၊ ပရကထာ၊ ဘဝခရီးသည်၊ တမ္ပပဏ္ဏိ၊ ပုဂံခရီးသည်နှင့် ယယာတိ စာအုပ်တို့မှာ ထင်ရှားသည်။

ဆရာကြီးသည် စာပေပရိသတ်အတွက် ကိုယ်တိုင်စာရေး အသိပညာပေးခြင်းဖြင့်သာအားမရဘဲ စာဖတ်သည့် အလေ့အထ၊ အမူအကျင့်များ ပွားများလာစေရန်အတွက် ပါရဂူရှန်တိနိကေတန် စာကြည့်တိုက်ကို ရန်ကုန်တိုင်းဒေသကြီး ရွှေပေါက်ကံမြို့သစ် (၁၆)ရပ်ကွက် ဦးပုညလမ်း အမှတ် (၉၈၁/၉၉၀) နေအိမ်ဝင်း အတွင်း၌ပင် ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှစ၍ တည်ထောင်ဖွင့်လှစ်ပေးခဲ့သူဖြစ်သည်။ ယင်းစာကြည့်တိုက်တွင် ဘာသာစုံစာအုပ်၊ စာစောင်ပေါင်း ငါးသောင်းကျော်ရှိပြီး ဘာသာရေးနယ်ပယ်နှင့် စာပေနယ်ပယ်တို့အတွက် အဖိုးမဖြတ်နိုင်သော စာအုပ်ပေါင်း မြောက်မြားစွာလည်း ပါဝင်ကြောင်း သိရှိရသည်။

ဆရာကြီး ဦးလှကြိုင်(ပါရဂူ) ကွယ်လွန်သွားခြင်းအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၀ ရက် နံနက် ၉ နာရီတွင် ရွှေပေါက်ကံမြို့သစ်ရှိ စာပေပညာရှင် စာရေးဆရာကြီး ဦးလှကြိုင် (ပါရဂူ)၏ နေအိမ်သို့သွားရောက်၍ ဝမ်းနည်းမှတ်တမ်း၌ လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းအလုပ်အမှုဆောင်များ၊ ပါရဂူ ရှန်တိနိကေတန် စာကြည့်တိုက် ကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ နာရေးအတွက်လိုအပ်သည်များအား ကူညီပံ့ပိုးခြင်း၊ စာကြည့်တိုက်ဆက်လက်အခွန့်ရှည်တည်တံ့နိုင်ရေး ညှိနှိုင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့ရှိသူ	-	ထောင်(၁)နှစ်
၂။ ကစားသူ	-	ထောင်(၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ	-	ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

သင်္ခါရနှင့် အနိစ္စ

(အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရ ပါရဂူရှန်တိနိကေတန် စာကြည့်တိုက် တည်ထောင်သူ စာရေးဆရာကြီးပါရဂူသည် ဧပြီ ၉ ရက်နေ့က ကွယ်လွန်အနိစ္စရောက်သွားခဲ့ပြီဖြစ်သည်။ ဆရာကြီးရေးသားပြုစုခဲ့သော စာအုပ်ပေါင်းများစွာအနက် 'ဝေါဟာရနှင့်ဒဿန' စာအုပ်မှ သင်္ခါရနှင့် အနိစ္စ မှားယွင်းစွာ အသုံးမပြုမိစေရန် ထောက်ပြထားသည့် အချက်အလက်အချို့ကို ထုတ်နုတ်တင်ပြလိုက်ပါသည်။)

"သဗ္ဗေ သင်္ခါရာ အနိစ္စာ" =(သဗ္ဗေ-အလုံးစုံသော၊ သင်္ခါရာ-သင်္ခါရတရားတို့သည်၊ အနိစ္စာ-အမြဲမရှိကုန်)

အထက်ပါ အဆိုအမိန့်ကို တလွဲအနက်အဓိပ္ပာယ်ကောက်ယူလျက် 'သင်္ခါရ' စကားလုံးကို 'မမြဲခြင်း' အနက်အဓိပ္ပာယ်၌ အသုံးပြုနေကြသည်။ တစ်စုံတစ်ခုသော အရာဝတ္ထုပျက်စီးပျောက်ကွယ်သွားလျှင်သော် လည်းကောင်း၊ တစ်စုံတစ်ဦးသော လူပုဂ္ဂိုလ် သို့မဟုတ် သက်ရှိသတ္တဝါ တစ်ဦးဦး ကွယ်လွန်သေဆုံးသွားလျှင်သော် လည်းကောင်း၊ "ဩော်. . . သင်္ခါရ . . . သင်္ခါရ" ဟူပင် သံဝေဂစကား ညည်းတွားမြည်တမ်းလေ့ရှိကြသည်။ နာရေးကိစ္စများ၌ပင် 'သင်္ခါရ' စကားလုံးကို ခေါင်းစီးစာလုံးအဖြစ် အသုံးပြုကြသည်ကို တွေ့ရသည်။

ယင်းကဲ့သို့ 'သင်္ခါရ' စကားလုံးကို 'မမြဲခြင်း' သို့မဟုတ် အနိစ္စ အနက်အဓိပ္ပာယ် ထွက်နေကြခြင်းသည် တလွဲအဓိပ္ပာယ်ထွက်နေခြင်းဖြစ်သည်။ အမှန်က 'သင်္ခါရ' သည် မမြဲသောသဘောရှိသော သင်္ခါရတရားဖြစ်ပြီး 'မမြဲခြင်း' အနက် အဓိပ္ပာယ်ထွက်သော စကားလုံးမှာ 'အနိစ္စ' ဖြစ်သည်။ သဒ္ဒါနည်းအရ ပြောရမည်ဆိုလျှင်လည်း 'သင်္ခါရ' က သဗ္ဗနာမ်ဖြစ်ပြီး 'အနိစ္စ'က ကြိယာဖြစ်သည်။ သဗ္ဗနာမ်နှင့် ကြိယာသည် တစ်ခုစီဖြစ်သည်။ 'သင်္ခါရ'က ကတ္တားဖြစ်သည်။ 'Subject' ဖြစ်သည်။ 'အနိစ္စ'က 'ကြိယာ' ဖြစ်သည်။ 'Verb' ဖြစ်သည်။ ကတ္တားနှင့် ကြိယာသည် တခြားစီဖြစ်သည်။

တစ်ခါတစ်ရံ ပါဠိစကားလုံးတစ်လုံးသည် အနက်အဓိပ္ပာယ်များစွာထွက်၍ ဗုဒ္ဓဒေသနာတော်၏ နယ်ပယ်အသီးသီးနှင့် ပတ်သက်ဆက်နွှယ်နေသည်ကို တွေ့ရသည်။ 'သင်္ခါရ' သည် ယင်းစကားလုံးများထဲက တစ်လုံးဖြစ်သည်။

သင်္ခါရတရားများနှင့်ပတ်သက်၍ အရေးအကြီးဆုံး အချက်မှာ 'သင်္ခါရတရားအားလုံး အနိစ္စဖြစ်၏' (သဗ္ဗေ သင်္ခါရာ အနိစ္စာ) ဟူသော အချက်ဖြစ်သည်။ 'အနိစ္စ' ဖြစ်၏ဆိုခြင်းမှာ နောက်ဆုံး၌ နိဂုံးချုပ်ရမည့် အထည် ဒြပ်ရှိသော၊ ဩဠာရိကဖြစ်သော အမာခံ အရာဝတ္ထုများ၏ အမြင်အရသာမကဘဲ သိမ်မွေ့သော၊ သုခုမဖြစ်သော အဆင့်၌ရှိသည့် အရာဝတ္ထုတိုင်း၏ အမြင်ဖြင့်လည်း ပြောဆိုခြင်းဖြစ်သည်။ ယင်းအရာဝတ္ထုများလည်း အမြဲမပြတ်ပြောင်းလဲနေသည်။ ခဏတိုင်း ခဏတိုင်းဖြစ်ပြီး ပျက်နေသည့် 'ဥဒယဗ္ဗယ' ဖြစ်နေသည်။ ထို့ကြောင့် မြတ်စွာဘုရားက 'သဗ္ဗေ သင်္ခါရာ ဒုက္ခာ'ဟု ဟောထားတော်မူခြင်း ဖြစ်သည်။ ॥

လှူဒါန်း

တောင်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် (၃) လမ်း သစ္စာဥယျာဉ်အိမ်ရာနေ ဦးစိန်မောင် မိသားစုက ကွယ်လွန်သူ မိခင်ကြီးဒေါ်တုတ်အား ရည်စူး၍ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ၂၂၀၀၀၀ လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် စောင့်ရှောက်ရေးသူနာပြု ဒေါ်ဌေးဌေးဆွေတို့ လက်ခံစဉ်။

(ကြေးမုံ)

ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်း

မြစ်ကြီးနား ဧပြီ ၁၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်သော စည်ပင်နှင့်ပြည်သူပူးပေါင်း၍ ရမ်ပူရပ်ကွက် အနော်ရထာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ခင်းခြင်း ဆောင်ရွက်နေမှုကို မတ် ၉ ရက်က အမှုဆောင်အရာရှိ ဦးစိုးနိုင်က စစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ဇော်ထွေးက ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

ပြည်သူ့ထံမှ ပေးစာများ

ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်ရပ်ကွက်၊ မင်္ဂလာဩဘာလမ်း ဝန်ထမ်းလိုင်းမှ ငမိုးရိပ်ချောင်းအတွင်းသို့ စီးဆင်းသည့် မြေအောက်ရေဆိုးဆင်းမြောင်းရှိပါသည်။ ယခုအခါ အဆိုပါ ရေမြောင်းကိုပိတ်ဆို့ပြီးအင်္ဂတေခင်းထားပါသဖြင့် ရေဆိုးများကောင်းစွာ မစီးဆင်းဘဲ လိုင်းခန်းများ ရေနစ်မြုပ်နေပါသဖြင့် ကျန်းမာရေး ထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

တောင်ညွန့်သားများ

စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၅)လမ်းနှင့်(၅၆)လမ်းကြား အနော်ရထာလမ်းမပေါ်ရှိ (၈)ထပ်တိုက်အပေါ်ထပ်နေ နေအိမ်များမှ နောက်ဖေးလမ်းကြားသို့ အမှိုက်များစည်းကမ်းမဲ့စွန့်ပစ်လျက်ရှိရာ ရေမြောင်းများပိတ်ဆို့၍ မြေညီထပ်နေအိမ်များအတွင်းသို့ ရေဆိုးများဝင်ရောက်လျက်ရှိပါသည်။ ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်နေပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ပတ်ဝန်းကျင်သန့်ရှင်းလိုသူ

သားငါးရောင်းချ အမှိုက်များစုပုံ

စာတည်းခင်ဗျား-

လှိုင်သာယာမြို့နယ်၊ အမှတ် (၁/၁၂) ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်းမပေါ်တွင် သားစိမ်း၊ ငါးစိမ်းများကို တစ်နေကုန် ရောင်းချနေပါသဖြင့် အညှီနံ့၊ အပုပ်နံ့များ နံစော်လျက်ရှိပြီး အမှိုက်များ စုပုံပြန့်ကျဲနေပါသဖြင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လှိုင်သာယာသား**

ပန်းပဲရုံနှင့် စပါးကြိတ်စက် ဆောင်ရွက်ပြီးစီး

၂၅-၂-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ သုံးခွမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ဗိုလ်သန်းထူးလမ်းမှ **ပန်းပဲထုသံဆူညံ**ပေးစာနှင့် သုံးခွမြို့နယ် ကွမ်းမိုးဒိန်းကျေးရွာအုပ်စုမှ **သောက်ရေကန်အနီးစပါးကြိတ်ခွဲစက် စိစစ်ပေးစေလို** ပေးစာတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ပိုးသတ်ဆေးနံ့ ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းခင်ဗျား-

သထုံမြို့နယ်၊ ကျိုက္ကော်ဈေးမျက်နှာစာတန်း ကားဂိတ်ဘက်ရှိ ဆိုင်ခန်းများတွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ ရောင်းချလျက်ရှိရာ ပိုးသတ်ဆေးအနံ့အသက်ဆိုးများကို ပတ်ဝန်းကျင်နေသူများ နေ့စဉ် ရှူရှိုက်နေရပါသဖြင့် အသက်ရှူကြပ်ခြင်း၊ ခေါင်းကိုက်ဝေဒနာများခံစားရခြင်းတို့ တွေ့ကြုံနေရပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

လောင်စာဆီရောင်းဝယ်မှု ရှင်းလင်းပြီးစီး

၂၅-၂-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဖျာပုံမြို့ (၂)ရပ်ကွက်၊ (၄)ရပ်ကွက်၊ (၅)ရပ်ကွက်နှင့် (၆)ရပ်ကွက်တို့မှ **လောင်စာဆီရောင်းဝယ် မီးဘေးစိုးရိမ်ဖွယ်** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းရှင့်-

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ (၃၉)လမ်းနှင့် လမ်း (၄၀) ကြား အနော်ရထာလမ်းမကြီး လိုင်းပေါင်းစုံကားမှတ်တိုင်အရှေ့ရှိ ထမင်းကြော်ဆိုင်သည် နေ့စဉ်ချက်ပြုတ်ကြော်လှော်ခြင်းများ ပြုလုပ်နေပါ၍ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ကျန်းမာရေးထိခိုက်စေသည့်အပြင် မီးဘေးစိုးရိမ်ပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊လမ်းသားများ

ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ပေးပါ

စာတည်းရှင့်-

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊အမှတ်(၈)ရပ်ကွက်၊အောင်ရတနာလမ်းတွင်ပုလင်းခွံရောင်းဝယ်ရေးလုပ်ကိုင်လျက်ရှိရာ ပုလင်းခွံအိတ်များ၊ ပစ္စည်းများ စုပုံထားရှိသောကြောင့် အမှိုက်ကောက်သူများဝင်ထွက်၍ အမှိုက်ကောက်ခြင်း၊ပစ္စည်းပျောက်ရှခြင်း၊ နွေရာသီအရေးပေါ်ကိစ္စရှိပါကမီးသတ်ကားအဝင်အထွက်ခက်ခြင်းများ တွေ့ကြုံနေရပါသည်။ ထို့အပြင် လုပ်ငန်းမှထွက်သောအမှိုက်သရိုက်အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်ပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ပတ်ဝန်းကျင်သန့်ရှင်းစေလိုသူ

ခွေးလေခွေးလွင့်များ ရှင်းလင်းစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊ ငါးထပ်ကြီးဘုရားလမ်းသွယ် တစ်လျှောက်တွင် ခွေးလေခွေးလွင့်များရှိရာ လမ်းသွား လမ်းလာများ မကြာခဏ ခွေးကိုက်ခံကြရပါသည်။ သို့ဖြစ်ပါ၍ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ခွေးကြောက်သူများ

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

နေပြည်တော်အသင်း ဂိုးပြတ်သွင်းပြီး နိုင်ပွဲစရ ရောဝတီယူနိုက်တက် တတိယနေရာရောက်ရှိ

ရန်ကုန် ဧပြီ ၁၀

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၆)ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ဆက်လက်ကျင်းပရာ နေပြည်တော်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲများ အသီးသီးရရှိခဲ့ကြသည်။

(သုဝဏ္ဏကွင်း)

နေပြည်တော်အသင်း - ခုနစ်ဂိုး
(ကေဝန်ဂျင်၊ ဂျောင်ဂျီဟွမ်၊ လီအန်ဒရို၊ အောင်ကျော်ဦး၊ စည်သူသန်း၊ ပြည့်ဖြိုးဦးနှင့် ဇော်လင်း)

မနောမြေအသင်း - နှစ်ဂိုး
[ကျော်စွာလင်းနှင့် အေးမင်းဝင်း (ပယ်နယ်တီ)]

ပြိုင်ပွဲအစတွင် ပြင်ဆင်မှုများ ကြီးကြီးမားမားပြုလုပ်ထားသည့် နေပြည်တော်အသင်း ပထမဦးဆုံးနိုင်ပွဲ စတင်ရရှိခဲ့သည်။ ပွဲစဉ်(၅)အပြီးအထိ နိုင်ပွဲရှာမတွေ့သေးသည့် နေပြည်တော်အသင်းမှာ ယခုပွဲတွင် ခြေစွမ်းပြပြီး ပြိုင်ဘက် မနောမြေအသင်းကို ဂိုးပြတ်သွင်းကာ သုံးမှတ်စတင်ရရှိခဲ့ခြင်းဖြစ်သည်။

နေပြည်တော်အသင်းမှာ နိုင်ပွဲစတင်ရရှိရေးအတွက် လူစုံထုတ်ကစားခဲ့ပြီး မနောမြေအသင်း၏ ခံစစ်ကစားပုံအမှားအယွင်းများမှုကြောင့်လည်း ပထမပိုင်းမှာပင် ဂိုးပြတ်သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပွဲအစ ၅ မိနစ်မှာပင် ကေဝန်ဂျင်က နေပြည်တော်အတွက် အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ ဆက်တိုက်ဆိုသလိုပင် နေပြည်တော်အသင်းက ဖိကစားသွားပြီး ၁၆ မိနစ်တွင် ဂျောင်ဂျီဟွမ်၊ ၂၂ မိနစ်တွင် လီအန်ဒရိုနှင့် ၂၄ မိနစ်တွင် အောင်ကျော်ဦးတို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့ကြသည်။ ၃၄ မိနစ်တွင် ကျော်စွာလင်းက မနောမြေအတွက် ချေပဂိုးတစ်ဂိုး ပြန်လည် သွင်းယူခဲ့သည်။

မနောမြေအသင်းမှ ကျော်စွာလင်း၏ ထိုးဖောက်မှုကို နေပြည်တော်ဂိုးသမား ဖြိုးမင်းမောင် ကာကွယ်စဉ်။

ဒုတိယပိုင်းအစ ၃ မိနစ်တွင် အေးမင်းဝင်းက ပယ်နယ်တီမှတစ်ဆင့် မနောမြေအတွက် ဒုတိယချေပဂိုး သွင်းယူခဲ့သော်လည်း ၆၄ မိနစ်တွင် စည်သူသန်း၊ ၈၉ မိနစ်တွင် ပြည့်ဖြိုးဦးနှင့် ၉၂ မိနစ်တွင် ဇော်လင်းတို့က နေပြည်တော်အတွက် အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။

(အောင်ဆန်းကွင်း)

ရောဝတီယူနိုက်တက် - ခြောက်ဂိုး
(ဂျူပီတာ-သုံးဂိုး၊ အောင်ကျော်မျိုး-နှစ်ဂိုး၊ မင်းမင်းထွန်း)

ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ

ဂိုးပြတ်အနိုင်ရရှိခဲ့သည့် ရောဝတီအသင်းမှာ အမှတ်ပေးဇယား တတိယနေရာသို့ တက်လှမ်းလာနိုင်ခဲ့ပြီး ဇွဲကပင်အသင်းမှာ ခြောက်ပွဲဆက် အရှုံးရလဒ်ဖြင့် ရင်ဆိုင်ခဲ့ရသည်။

ယနေ့ပွဲ
(သုဝဏ္ဏကွင်း)

ရက္ခပူရယူနိုက်တက် - ကမ္ဘောဇ

သတင်းမှတ်စုနှင့် ဓာတ်ပုံ
ရှိုင်းထက်ဇော်

အာဆင်နယ်နိုင်ပွဲရပြီး မန်ယူကို ဆက်လက်ဖိအားပေး

လန်ဒန် ဧပြီ ၁၀

ပရီမီယာလိဂ်ပွဲစဉ် (၃၂) ဒုတိယနေ့၏ အစောပိုင်းပွဲစဉ်အဖြစ် ဘလက်ပူးနှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်က သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရသွားသည်။

အိမ်ရှင် ဘလက်ပူးအသင်းတွင် အီဗက်၊ ဆောက်သမ်း၊ အဒမ်၊ ဖလက်ချာ၊ ဗာနေးနှင့် ကမ်းဘဲလ်စသည့် အမာခံကစားသမားများပါဝင်ခဲ့ကာ ဧည့်သည် အာဆင်နယ်အသင်းတွင် အာဆင်နယ်သို့တစ်ကျော့ပြန် ရောက်လာသည့် လေးမန်းကို ဂိုးသမားနေရာတွင် သုံးခဲ့ပြီး စကွီလာစီ၊ ကလက်ချီ၊ အီဘိုယေး၊ ဒီယာဘီ၊ ဖာဘရီဂက်စ်၊ နာဆရီ၊ ဝီရှိုင်းယား၊ အာရှာဗင်နှင့် ဗန်ပါစီတို့ကို ပထမပွဲထွက်ကစားစေခဲ့သည်။

အာဆင်နယ်အသင်းသည် ချန်ပီယံဆုအတွက် မျှော်လင့်နိုင်သေးသလို တတိယနေရာက ချယ်လ်ဆီး၏ ဖိအားပေးမှုကို ခံနေရခြင်းကြောင့် ယခုပွဲတွင် အားထည့်ကစားလာခဲ့သည်။ ထို့ကြောင့် ပွဲအစ ၁၈ မိနစ်တွင်ပင် ဒီယာဘီက အာဆင်နယ်အတွက် အဖွင့်ဂိုးကို သွင်းယူပေးခဲ့သည်။ ထို့နောက် ၃ မိနစ်အကြာ ပွဲချိန် ၂၁ မိနစ်တွင် အီဘိုယေးက ဂိုးနှင့်အနီးကပ် အပြင်းကန်သွင်းပြီး ဒုတိယဂိုးရယူခဲ့ခြင်းကြောင့် ပထမပိုင်းအပြီးတွင် အာဆင်နယ်က အိမ်ရှင် ဘလက်ပူးအသင်းကို နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် အိမ်ရှင် ဘလက်ပူး ချေပဂိုးများရရှိရေးအတွက် ကြိုးစားလာခဲ့ရာ ပွဲချိန် ၅၂ မိနစ်တွင် ဖလက်ချာက ချေပဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သည်။ သို့သော်ယင်းနောက်ပိုင်းတွင် အာဆင်နယ်အသင်းက ကစားကွက်အသာစီးရယူပြီး ပွဲချိန် ၇၆မိနစ်တွင် ဗန်ပါစီက အာဆင်နယ်အသင်းအတွက် အနိုင်သေချာစေသည့် တတိယဂိုးကို သွင်းနိုင်ခဲ့၍ ပွဲအပြီးတွင် အာဆင်နယ်က သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရသွားသည်။ ထို့ကြောင့် အာဆင်နယ်သည် ပွဲစဉ် (၃၂) အပြီးတွင် တစ်ပွဲလျှော့ ရမှတ် ၆၂ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်က မန်ယူနှင့် ခုနစ်မှတ်အကွာ ဒုတိယနေရာတွင် ဆက်လက်ရပ်တည်လျက်ရှိနေသည်။

အင်တာနက်။

အာဆင်နယ်အတွက် အဖွင့်ဂိုးကို ဒီယာဘီ သွင်းယူစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တူရကီနိုင်ငံတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအမျိုးသမီးလက်ဝှေ့အဖွဲ့

ရန်ကုန် ဧပြီ ၁၀

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ အမျိုးသမီးလက်ဝှေ့မယ် နယ်လီ ၅၁ ကီလိုတန်းနှင့် နန်းသက်ထားစံ ၄၈ ကီလိုတန်းတို့သည် တူရကီနိုင်ငံ အန်ကာရာမြို့၌ ကျင်းပမည့် ကမ္ဘာ့အမျိုးသမီးတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲ (AIBA Women's Junior/ Youth World Boxing Championship Antaya 2011)သို့ အဖွဲ့ချုပ်အမျိုးသမီးအုပ်ချုပ်သူ ဒေါ်ရေး (ဦးစီးမှူး အား/ကာ ဦးစီးဌာန) ဦးဆောင်၍ သွားရောက်ယှဉ်ပြိုင်ကြရန် ယနေ့ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ အတွင်းရေးမှူး (၃)ဦးမင်းဟန်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးမြင့်လွင်တို့က ပို့ဆောင်နှုတ်ဆက်ကြသည်။**(အပေါ်ဝဲပုံ)**

ဝင်ရောက်ယှဉ်ပြိုင်မည်

မြန်မာအမျိုးသမီးလက်ဝှေ့အဖွဲ့သည် တူရကီနိုင်ငံ၌ ဧပြီ ၂၂ ရက်အထိ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ပြီး ဧပြီ ၃၀ ရက်နေ့အထိ ကျင်းပသော ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အဆိုပါ ဖိတ်ခေါ်ပြိုင်ပွဲသို့ နိုင်ငံပေါင်း ၃၁ နိုင်ငံမှ အမျိုးသမီးလက်ဝှေ့မယ် ၁၂၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု သိရှိရသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများ လိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆိုမှု၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့.

မတ် ၁၂ ရက် နံနက်ပိုင်းက ကော့သောင်းခရိုင် သီရိမြိုင်ရပ်ကွက် ကမ်းခြေ၌ ကျင်းပခဲ့သည့် ကော့သောင်းခရိုင်သစ်တောဦးစီးဌာနနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဒီရေတောသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားတွင် တာဝန်ရှိသူတို့က ပျိုးပင်များဖြန့်ဝေပေးစဉ်။ (ခရိုင်ပြန်/ဆက်)

အမြို့မြို့အနယ်နယ် မီးဘေးကာကွယ်ရေးဆောင်ရွက်

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး၊ အောင်သာယာဈေး မီးဘေးလုံခြုံရေးအတွက် လေ့ကျင့်ဆောင်ရွက်ထားမှုကို ရောဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သီးသန့်မီးသတ်တပ်ဖွဲ့ အကြိုအခြေခံမီးသတ်သင်တန်းဆင်းပွဲနှင့် သရုပ်ပြလေ့ကျင့်မှုကို မတ် ၈ ရက်က စည်ပင်သာယာရေးရုံးဝင်းအတွင်း၌ ကျင်းပစဉ်။ (၅၄၀)

သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဇရပ်ကွင်းကျေးရွာ ရွှေရတနာဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်စဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဈေးများ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးတို့အတွက် မီးငြိမ်းသတ်မှုသရုပ်ပြပွဲကို မတ် ၆ ရက်က အမှတ်(၁၀၆)ရပ်ကွက်ရှိ ကေတုမတီဈေးရှေ့၌ ကျင်းပစဉ်။ (၅၄၈)

သတိ

ရန်ကုန်မြို့အတွင်း ဟွန်းမတီးရ

ရန်ကုန်တိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ထူးခြားသည့် နေ့အပူချိန်များ

၁၀-၄-၂၀၁၁

မုံရွာ
၄၂ ဒီဂရီစင်တီဂရိတ်
ချောက်
၄၂ ဒီဂရီစင်တီဂရိတ်
မကွေး
၄၂ ဒီဂရီစင်တီဂရိတ်

ဂန့်ဂေါ၌ ဆက်သွယ်ရေး ပိုမိုကောင်းမွန်လာ

ဂန့်ဂေါ ဧပြီ ၁၀

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဂန့်ဂေါမြို့နယ်တွင် အော်တိုဒစ်ဂျစ်တယ်တယ်လီဖုန်း(ကြိုးဖုန်း) ၇၂၀ ရှိ၍ အိတ်ချိန်းဖြင့် ခေါ်ယူဆက်သွယ်ရသည့် လက်လှည့်ဖုန်းများမှာ ကျေးရွာ ကိုးရွာတွင် အလုံးရေ ၈၀၀ ကျော်သုံးစွဲလျက်ရှိပြီး ၂၀၁၁ ခုနှစ်ဆန်းပိုင်းမှ စ၍ CDMA 450MHz ငါးသိန်းတန် မိုဘိုင်းဖုန်းများကို ဂန့်ဂေါမြို့၌ ၅၀၀၊ ကန်ကျေးရွာ၌ ၅၀၀၊ ကျောကျေးရွာ၌ ၃၀၀ ချထားပေးလျက်ရှိရာမတ် ၉ ရက်ထိ ၄၁ားရမ်းသုံးစွဲမှု ၇၉၇ လုံးရှိကြောင်းနှင့် ဒေသခံပြည်သူများ ဆက်သွယ်ရေးလိုအပ်ချက် တိုးတက်လွယ်ကူစေလျက်ရှိနေ ကြောင်းသိရသည်။ (၄၆၅)

ယိုးတရုတ်-ကျောက်တော် ရထားလမ်းပိုင်းဖွင့်ပွဲ ကျင်းပ

ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရထားများ သုံးရက်တိတိ အခမဲ့ပြေးဆွဲပေးသွားမည်

ရန်ကုန် ဧပြီ ၁၀

မြန်မာ့မီးရထားက ဖောက်လုပ်လျက်ရှိသည့် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းစီမံကိန်း၏ ယိုးတရုတ်-ကျောက်တော် ရထားလမ်းပိုင်း ဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့ ကျောက်တော်ဘူတာ၌ ကျင်းပခဲ့သည်။

အဆိုပါ ရထားလမ်းပိုင်းကို မြန်မာ့မီးရထားက ဖောက်လုပ်ချိန် (၁၁)လဖြင့် ပြီးစီးအောင် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ရထားလမ်းအရှည် ၁၉ ဒသမ ၈၂ မိုင်ရှိသည်။ ရထားလမ်းပိုင်းတွင် ပေ ၁၈၀ အထက် တံတားနှစ်စင်းနှင့် ပေ၁၈၀ အောက်တံတား ၆၁ စင်း ပါရှိသည်။

ရခိုင်ပြည်နယ်၏ အထင်ကရ လမ်းမကြီးဖြစ်လာမည့် မင်းဘူး-အမ်း-စစ်တွေရထားလမ်းတွင် ၁၁ ဒသမ ၄၆ မိုင်ရှိ ပြည်တော်သာ-ရေချမ်းပြင် ရထားလမ်းပိုင်းနှင့် ၂၂ ဒသမ ၇၂ မိုင်ရှိ ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်းတို့ကို ဖွင့်လှစ်ပြီးဖြစ်ကာ ယိုးတရုတ်-ကျောက်တော် ရထားလမ်းပိုင်းကို ယနေ့ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဖွင့်ပွဲတွင် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ယိုးတရုတ် - ကျောက်တော် ရထားလမ်းပိုင်းသည် ရခိုင်ပြည်နယ်နှင့် အခြားတိုင်းဒေသကြီးများကို ရထားဖြင့် ဆက်စပ်သွားလာနိုင်ရန် ဖောက်လုပ်နေသည့် ၂၅၇ မိုင်ရှိ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းများကို အပိုင်းလိုက် ဖောက်လုပ်ပေးပြီး ပြီးသည့်အပိုင်းကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ဖောက်လုပ်လျက်ရှိသည့် ရထားလမ်းစီမံကိန်း ၁၃ ခုရှိပြီး ရထားလမ်းခရီးမိုင် ၂၂၆၅ မိုင်ဖြစ်ကြောင်း၊ ယင်းတို့အနက် ရထားလမ်းခရီးမိုင် ၄၅၅ မိုင် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်က မကွေးတိုင်း

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

ရထားစတင်ပြေးဆွဲ

မင်းဘူး - အမ်း - စစ်တွေ ရထားလမ်းစီမံကိန်း၏ ယိုးတရုတ်-ကျောက်တော် ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။ (သတင်းစဉ်)